

# နဂါးမီး

ဒိုင်ဇီ ဂူစ် အာလောနင်

ရေးသားသူ

သံစွဲထောင်

ဒုတိယအကြိမ်

# ဆဂါးနီ

mgyoe.com

အိုင်ရစ်အာဇာနည် **Sir Roger Casement** အကြောင်း ရေးသားထားတဲ့ စာအုပ်ပါ။
ရိုဂျာကိတ်စမင့်ဟာ အာဖရိကတိုက်၊ ကွန်ဂိုနယ် အင်္ဂလိပ်ကုမ္ပဏီမှာ အမှုထမ်းခဲ့ပါတယ်။
ကွန်ဂိုနယ်ကို ဘယ်လ်ဂျီယံဘုရင်က အစစအရာရာ အုပ်ချုပ်ခွင့်ရနေချိန်၊
တိုင်းရင်းသားတွေကို ဖိနှိပ်အနိုင်ကျင့်တဲ့ မတရားမှုတွေကို ရိုဂျာကိတ်စမင့်က အင်္ဂလိပ်အစိုးရဆီ
တင်ပြခဲ့တယ်။ အင်္ဂလိပ်အစိုးရက ဘယ်လ်ဂျီယံနိုင်ငံကို အကြောင်းကြားတယ်။
အမေရိကန်နိုင်ငံကို တိုင်တန်းတယ်။ ဒါမှ အင်္ဂလိပ်ဟာ ကွန်ဂိုနယ်ကို ဝင်ရောက်လို့ရမှာကိုး။
ဒါကြောင့် ရိုဂျာကိတ်စမင့်ကိုလည်း အင်္ဂလိပ်အစိုးရက ဆာဘွဲ့ချီးမြှင့်ခဲ့တယ်။
ဆာရိုဂျာကိတ်စမင့်ဟာ ပင်စင်ခံစားရပြီး ဇာတိ အိုင်ယာလန်နိုင်ငံကို ပြန်သွားတဲ့အခါ
အိုင်းရစ်လူမျိုးတွေကိုလည်း ကွန်ဂိုနယ်မှာ အုပ်ချုပ်ခံနေရသလို အင်္ဂလိပ်က အုပ်ချုပ်နေတာ
တွေ့မြင်ရတော့ အမျိုးသားစိတ်ဓာတ်က ရှန်းကြွလာပြီး သူ့နိုင်ငံလွတ်မြောက်ဖို့
နိုင်ငံရေးထဲ ဝင်ရောက်ခဲ့တော့တယ်။ အမေရိကန်ရောက် အိုင်ရစ်လူမျိုးတွေဆီကနေ
ငွေကြေးအထောက်အပံ့ရရှိရေးနဲ့ ဂျာမနီဆီက လက်နက်အကူအညီရဖို့ ကြိုးစားပြီး
ဂျာမနီက ကူညီလိုက်တဲ့ လက်နက်တွေနဲ့ အိုင်ယာလန်ကို ပြန်လာနိုင်ခဲ့ပေမယ့်
ရောက်ရောက်ချင်း အဖမ်းခံလိုက်ရတယ်။ ကြိုးမိန့်ပေးလိုက်ကြတယ်။
အိုင်ယာလန်ပြည် လွတ်လပ်ရေးအတွက် အိုင်ရစ်အမျိုးသားတို့က လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့်
ဗြိတိသျှအစိုးရ၏ တရားဥပဒေတွင် အပြစ်မကင်းဟုဆိုလျှင်လည်း ပေးသမျှ အပြစ်ဒဏ်ကို
ဝမ်းမြောက်စွာခံယူရန် အသင့်ရှိကြောင်း ဆိုတဲ့ တရားရုံးမှာ ပြောကြားချက်တွေဟာ
ဆာရိုဂျာကိတ်စမင့်ကို အာဇာနည်ဖြစ်စေခဲ့ပါတယ်။

ISBN 9789997110176
NGN15
9 789997 110176
1,500.00KS

mgyoe.com

mgyoe.com

အိုင်ရစ်အာဃာနည်၊ သံတွဲမောင်
ပန်းချီ - ကိုကိုနိုင်
စာမျက်နှာ ၁၂၈+ မျက်နှာ၊ ၁၆ စင်တီ× ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဩဂုတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၄၀ နဂါးနီထုတ် ပထမအကြိမ်မှ။

ရောင်းဈေး ၁၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အိုင်ရစ်အာဇာနည်

## သံတွဲမောင်

ဒုတိယအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com

နှစ်ပေါင်း ၈၀ ဝန်းကျင်ရှိ နဂါးနီစာအုပ်များကို
ပြန်လည်စီစဉ်ရိုက်နှိပ်ကြသည့်အခါ စာရေးသူ ဘာသာပြန်သူတို့၏
ကျန်ရစ်သူ မိသားစုဝင် မူပိုင်ရှင်များအား ရနိုင်သ၍ ဆက်သွယ်ကာ
ခွင့်တောင်းခံခြင်း၊ ဉာဏ်ပူဇော်ခပေးအပ်ခြင်းများ ပြုလုပ်ခဲ့သော်လည်း
အချို့မှာ ဆက်သွယ်ရ ခက်ခဲခဲ့ပါသည်။ သို့ဖြစ်ပါ၍ အခြေအနေအရ
ဆက်သွယ်ခွင့်တောင်းခံခြင်း မပြုနိုင်ခဲ့သည့် ကျန်ရစ်သူ မိသားစုဝင်
စာမူမူပိုင်ခွင့်ဆက်ခံသူများမှ ခွင့်လွှတ်ပါရန်နှင့်
ဉာဏ်ပူဇော်ခပေးအပ်လိုပါသဖြင့် စာအုပ်တိုက်သို့
ကျေးဇူးပြု၍ ဆက်သွယ်ပေးပါရန်
နှုးညွှတ်စွာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

## အိုင်ရစ်အာဇာနည်
## (၁၉၄၀ ခုနှစ်ထုတ်)

အိုင်ရစ်အာဇာနည် ဆာရိုဂျာကိတ်စမင့် (Sir Roger Casement) အကြောင်း ရေးသားထားတဲ့ စာအုပ်ဖြစ်ပါတယ်။ စာအုပ်ကို အခန်း(၁) ကွန်ဂိုနယ်၊ အခန်း(၂) တောင်အမေရိကတိုက်တွင်၊ အခန်း(၃) အိုင်ယာလန် ဟုမ္မရူး၊ အခန်း(၄) ဥရောပစစ်ကြီး၊ အခန်း(၅) ခြေရာခံ၊ အခန်း(၆) ဘာလင်မြို့တွင်း၊ အခန်း(၇) သေမင်းခံတွင်းဆိုပြီး အခန်း(၇) ခန်းခွဲပြီး ရေးသားဖော်ပြထားတယ်။ ရိုဂျာကိတ်စမင့်ဟာ အာဖရိကတိုက်၊ ကွန်ဂိုနယ် အင်္ဂလိပ်ကုမ္ပဏီမှာ အမှုထမ်းတယ်။

ကွန်ဂိုနယ်ကို ဘယ်လ်ဂျီယံဘုရင်က အစစအရာရာ အုပ်ချုပ်ခွင့်ရနေတယ်။ ရာဘာစေး ခြစ်တဲ့လုပ်ငန်းမှာ ကုမ္ပဏီတွေက မတရားချုပ်ချယ်ပြီး စေခိုင်းနေတာကို တွေ့ကြရတယ်။ မတန်တဆ ခိုင်းစေတယ်။ လုပ်အားခအဖြစ် ဖန်စီပစ္စည်းတွေလောက်သော ပေးနေကြတယ်။ တိုင်းရင်းသားတွေကို ရာဘာခြစ်လုပ်ငန်း မလုပ်ကိုင်လို့ သတ်ဖြတ်

mgyoe.com

mgyoe.com



တာတွေထိ ရှိတယ်။ တိုင်းရင်းသား မိန်းမပျိုလေးတွေလည်း ခြေတော်တင်ခံရတယ်။ အဲဒီမတရားမှုတွေကို ရိုဂျာကိတ်စမင့်က အင်္ဂလိပ်အစိုးရဆီ တင်ပြရတယ်။ အင်္ဂလိပ်အစိုးရက ဘယ်လ်ဂျီယံနိုင်ငံကို အကြောင်းကြားတယ်။ အမေရိကန်နိုင်ငံကို တိုင်တန်းတယ်။ ဒါမှ အင်္ဂလိပ်ဟာ ကွန်ဂိုနယ်ကို ဝင်ရောက်လို့ရမှာကိုး။

ရိုဂျာကိတ်စမင့်ကိုလည်း အင်္ဂလိပ်အစိုးရက သူကောင်းပြုတယ်။ ဆာဘွဲ့ ချီးမြှင့်သည်ထိ ဆိုပါစို့။ ဆာရိုဂျာကိတ်စမင့်ဟာ လုပ်သက်ပြည့်ပြီး ပင်စင်ခံစားရတော့ ဇာတိအိုင်ယာလန်နိုင်ငံကို ပြန်သွားတယ်။ သူတို့ အိုင်းရစ်လူမျိုးတွေကို အင်္ဂလိပ်က ကွန်ဂိုနယ်မှာ အုပ်ချုပ်ခံနေရသလို အုပ်ချုပ်နေတာ တွေ့မြင်ရတော့ အမျိုးသားစိတ်ဓာတ်က ရုန်းကြွလာတယ်။ ဆာရိုဂျာကိတ်စမင့်ဟာ သူ့နိုင်ငံ လွတ်မြောက်ဖို့ နိုင်ငံရေးထဲဝင်ရောက်ခဲ့တော့တယ်။

အမေရိကန်နိုင်ငံ ရောက်ရှိနေတဲ့ အိုင်ရစ်လူမျိုးတွေဆီကနေ ငွေကြေးအထောက်အပံ့ရရှိအောင် ကြိုးစားတယ်။ လက်နက်အကူအညီရဖို့ ဂျာမနီနိုင်ငံကို အမေရိကန်နိုင်ငံကနေ ခက်ရာခက်ဆစ် သွားရောက်ခဲ့တယ်။ ဂျာမနီက အင်္ဂလိပ်သူကောင်းပြုထားတဲ့ ဆာရိုဂျာကိတ်စမင့်ကို ယုံကြည်ဖို့ ခဲယဉ်းလှတယ်။ ဂျာမနီမှာရောက်နေတဲ့ အင်္ဂလိပ်စစ်သည် အိုင်ရစ်လူမျိုးတွေကို အင်္ဂလိပ်သြဇာမခံဘဲ အိုင်ရစ်တော်လှန်ရေးမှာပါဝင်ဖို့ စည်းရုံးတယ်။ အချို့တစ်ဝက်ပဲ အောင်မြင်တယ်။

နောက်ပိုင်းမှာ ဂျာမနီက ကူညီလိုက်တဲ့ လက်နက်တွေ

mgyoe.com

mgyoe.com



နဲ့ အိုင်ယာလန်ကို ပြန်လာနိုင်တယ်။ ရောက်ရောက်ချင်း အဖမ်းခံလိုက်ရတယ်။ နောက်... လန်ဒန်ကို ပြောင်းပြီး တရားစီရင်တယ်။ ကြိုးမိန့်ပေးလိုက်ကြတယ်။

"အိုင်ယာလန်ပြည် လွတ်လပ်ရေးအတွက် အိုင်ရစ် အမျိုးသားတို့က လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဗြိတိသျှ အစိုးရ၏ တရားဥပဒေတွင် အပြစ်မကင်းဟုဆိုလျှင်လည်း ပေးသမျှ အပြစ်ဒဏ်ကို ဝမ်းမြောက်စွာခံယူရန် အသင့်ရှိ ကြောင်း" ဆိုတဲ့ တရားရုံးမှာ ပြောကြားချက်တွေဟာ ဆာရို ဂျာကိတ်စမင့်ကို အာဇာနည်ဖြစ်စေဟန်တူပါရဲ့။

မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းနေကြတဲ့ လူငယ်များအတွက် ရဲစိတ်၊ ရဲမာန်နဲ့ စွန့်စားမှုတွေကို လှုံ့ ဆော်လိုက်တဲ့စာအုပ်ဖြစ်ပါကြောင်း။

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


♦ အခန်း (၁)

– ကွန်ဂိုနယ် ၁

♦ အခန်း (၂)

– တောင်အမေရိကန်တိုက်တွင် ၁၀

♦ အခန်း (၃)

– အိုင်ယာလန်ပြည်ဟုမ္မရှုး ၂၁

♦ အခန်း (၄)

– ဥရောပစစ်ကြီး ၄၆

♦ အခန်း (၅)

– ခြေရာခံ ၆၀

♦ အခန်း (၆)

– ဘာလင်မြို့တွင်း ၇၀

♦ အခန်း (၇)

– သေမင်းခံတွင်း ၁၁၆


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အခန်း (၁)

# ကွန်ဂိုနယ်

၁၈၈၄ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်နေ့တွင် ဥရောပတိုက် လက်နက်နိုင်ငံကြီးတို့၏ ကိုယ်စားလှယ်လူကြီးများ အစည်းအဝေးကို ဂျာမနီနိုင်ငံ ဘာလင်မြို့တော်၌ ကျင်းပပြုလုပ်လေသည်။ ထိုအစည်းအဝေးကြီးတွင် စတန်လေဆိုသူ အင်္ဂလိပ်ပုဂ္ဂိုလ်တစ်ဦး ရှာဖွေတွေ့ရှိသော အာဖရိကတိုက် ကွန်ဂိုမြစ်ကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ခြင်း ပြုလုပ်ကြ၏။ အတိုင်းတိုင်းအနိုင်နိုင်ငံတို့မှ ကုန်သည်ကြီးများကလည်း ဆိုခဲ့သော ကွန်ဂိုနယ်တွင် စီးပွားရေးလုပ်ငန်းအမျိုးမျိုး ဖွင့်လှစ်လုပ်ကိုင်ရန် ကြံစည်ကြိုးစားလာကြလေ၏။ ယခုအစည်းအဝေးကြီးမှာ အာဖရိကတိုက် ကွန်ဂိုနယ်၏ ကြွယ်ဝချမ်းသာသော တိုင်းထွက်ပြည်ထွက်ပစ္စည်းများကို တိုင်းနိုင်ငံကြီး အသီးသီးတို့မှ ရှာဖွေလုပ်ကိုင်ယူငင်ကြရန် မူလအရင်းခံကြံရွယ်ချက်ဖြင့် ကျင်းပပြုလုပ်သော အစည်းအဝေးကြီးဖြစ်ကြောင်းနှင့် ဘစ်စမတ်ဆိုသူ ဂျာမန်မင်းသားကြီးက အစည်းအဝေး နာယကအဖြစ်ဖြင့် ထုတ်ဖော်ပြောဆိုလေသည်။

ဆိုခဲ့သည်အတိုင်း အာဖရိကတိုက် ကွန်ဂိုနယ်၌ တိုင်းနိုင်ငံကြီး အသီးသီးတို့က ပစ္စည်းဥစ္စာရှာဖွေလုပ်ကိုင်၍ ယူငင်နိုင်ကြရန် ကြံစည်

mgyoe.com

mgyoe.com


ကြိုးစားလာကြသည့်အတွင်းတွင် အိုင်ယာလန်ပြည် အားလ်စတား နယ်သား၊ အရပ်မြင့်မြင့် ဆံပင်နက်နက်နှင့် အသက် ၂၁ နှစ်ခန့်ရှိ ရိဂျာကိတ်စမင့်ဆိုသော သူငယ်တစ်ယောက်သည် အဲလဒါဒမ်စတား ကုမ္ပဏီပိုင် ကုန်သင်္ဘောကြီးတစ်စင်း၌ ဘဏ္ဍာစိုးအလုပ်ဖြင့် အနောက် အာဖရိကနယ်သို့ လိုက်ပါသွားလေ၏။ ထိုသို့ လိုက်ပါသွားပြီးသည့် နောက် အိုင်ယာလန်ပြည်သို့ ပြန်လည်ရောက်ရှိလာသောအခါ ထိုသူငယ် မှာ အနောက်အာဖရိကနယ်၌ တွေ့ခဲ့ရသော တောတောင်ရေမြေ စသည် တို့ကို လွမ်းဆွတ်အောက်မေ့သည့်အတိုင်း ထိုအာဖရိကတိုက်သို့ တစ်ဖန် ပြန်လည်သွားရောက်လိုသောစိတ် ပေါ်ပေါက်လျက်ရှိလေ၏။ ထိုအခါ ဂျင်နရယ်ဆန်ဖိုးဆိုသူ အမေရိကန် စစ်ဗိုလ်ကြီးတစ်ဦးသည် အာဖရိက တိုက် ကွန်ဂိုနယ်ရှိ ကွန်ဂိုမြစ်ကြောင်းနှင့်ပတ်သက်၍ နောက်ထပ် ရှာဖွေ စူးစမ်းခြင်းပြုရန် လူစုဆောင်းလျက်ရှိသည်တွင် ရိဂျာကိတ်စမင့် ဆိုသူ လည်း လိုက်ပါသွားပြန်လေ၏။

ဆိုခဲ့သော အာဖရိကတိုက် ကွန်ဂိုနယ်နှင့်ပတ်သက်၍ တိုင်းနိုင်ငံ ကြီး အသီးသီးတို့က ပစ္စည်းဥစ္စာ ရှာဖွေလုပ်ကိုင်ရန် ကြံစည်ကြိုးစား လာကြသည့်အတွင်းတွင် ဥရောပတိုက် ဘယ်လ်ဂျီယန်ပြည်၏ ဒုတိယ မြောက် လီအိုပိုဘုရင်တစ်ပါးသည် ပေါ်ထွက်လာပြန်လေ၏။ ထိုဘုရင် မှာ အင်္ဂလန်နိုင်ငံ ဝိတိုရိယဘုရင်မကြီး၏ ဦးရီးတော် ဘယ်လ်ဂျီယန်ပြည် ဘုရင်ကြီး၏ သားတော်ဖြစ်သည့်အပြင် ကြံရည်ဖန်ရည်လည်း အလွန် ကောင်းသော ဘုရင်တစ်ပါးဖြစ်သောကြောင့် ကွန်ဂိုနယ်၏ စီမံစောင့် ရှောက်သူအဖြစ်ဖြင့် တိုင်းနိုင်ငံကြီးတို့မှ လွှဲအပ်ခြင်းခံလာရ၏။ ဤကဲ့သို့ ကွန်ဂိုနယ်၏ စီမံစောင့်ရှောက်သူအဖြစ် ယုံမှတ်လွှဲအပ်ခြင်း ခံလာရသည့် အတိုင်းလည်း ဘယ်လ်ဂျီယန်ပြည် ဒုတိယမြောက် လီအိုပိုဘုရင်သည် ကွန်ဂိုမြစ်ကြောင်းတစ်လျှောက်၌ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်ကြ

mgyoe.com

mgyoe.com


ရန်လည်းကောင်း၊ တိုင်းထွက်ပြည်ထွက် ပစ္စည်းအရပ်ရပ်တို့ကို ရှာဖွေလုပ်ကိုင်ကြရန်လည်းကောင်း၊ အတိုင်းတိုင်း အနိုင်နိုင်ငံတို့သို့ တိုက်တွန်းနှိုးဆော်ခြင်း ပြုလုပ်လေ၏။ ၎င်းအပြင် ကွန်ဂိုမြစ်ကြောင်းကို မူလအစရှာဖွေတွေ့ရှိသော စတန်လေဆိုသူ အင်္ဂလိပ်ပုဂ္ဂိုလ်ကြီးကိုလည်း ကွန်ဂိုနယ်တွင် အရပ်ရပ် စီမံခန့်ခွဲရန်အလို့ငှာ ကိုယ်စားလှယ်တော်အဖြစ်ဖြင့်ခန့်ထားစေလွှတ်ခြင်းပြုလေ၏။ ထို့နောက် မကြာမီ ၁၈၈၄ ခုနှစ်ထဲ၌ပင် ပေါ်တူဂီအစိုးရပိုင် ကွန်ဂိုမြစ်ဝကျွန်းပေါ်နယ်တွင် ကုန်စည်ပစ္စည်းများအပေါ် သင့်တော်သော အကောက်နှုန်းထားမျှကိုသာလျှင် ခွဲခန့်ကောက်ခံစေရန်အချက်နှင့် ပတ်သက်၍ အင်္ဂလန်နိုင်ငံအစိုးရတို့နှင့်ပေါ်တူဂီနိုင်ငံအစိုးရတို့သည် နှစ်ဦးသဘောတူ စာချုပ်တစ်ခုကို ချုပ်ဆိုပြီးစီးလာခဲ့လေ၏။

အမေရိကန်စစ်ဗိုလ်ကြီး ဂျင်နရယ်ဆန်ဖိုးမှာလည်း အာဖရိကတိုက် ကွန်ဂိုမြစ်ကြောင်းနှင့် ပတ်သက်၍ နောက်ထပ် ရှာဖွေစူးစမ်းသည့်အတိုင်း တွေ့ရှိသမျှတို့ကို အမေရိကန်အစိုးရတို့ထံ အစီရင်ခံစာတင်သွင်းသည်တွင် အမေရိကန်အစိုးရတို့ကိုယ်တိုင်က စိတ်ဝင်စားကာအရေးတယူ ပြုလုပ်လာပြန်လေ၏။ ဂျင်နရယ်ဆန်ဖိုး၏သဘောမှာ ဆိုခဲ့သော ကွန်ဂိုမြစ်ကြောင်းနှင့်ပတ်သက်၍ ရှာဖွေစူးစမ်းခြင်းအလုပ်တွင် အမေရိကန်နိုင်ငံက အခြားတိုင်းနိုင်ငံတို့ထက် နောက်မကျခြင်းကို ပြသရန် ဖြစ်လေသည်။

ယခုအခါ အာဖရိကတိုက် ကွန်ဂိုနယ်မှာ တစ်သီးပုဂ္ဂလ တိုင်းပြည်တစ်ပြည်ဖြစ်လာ၍ ထိုကွန်ဂိုပြည် အုပ်ချုပ်ရေးဥပဒေတစ်ရပ်ကို လက်နက်နိုင်ငံကြီးတို့၏ ကိုယ်စားလှယ်လူကြီးများ အစည်းအဝေးက စီမံပြဋ္ဌာန်းလာခဲ့လေရာ ထိုအုပ်ချုပ်ရေးဥပဒေအရ ဘယ်လ်ဂျီယန်ပြည်ဒုတိယမြောက် လီအိုပိုဘုရင်သည် အကြီးအမှူး အခွင့်အာဏာပိုင်ဖြစ်

mgyoe.com

mgyoe.com


လာသည့်အတိုင်း ဇရိယာအကျယ်အဝန်း စတုရန်းမိုင်ပေါင်း တစ်သန်းကျော်နှင့် လူဦးရေသန်းပေါင်း နှစ်ဆယ်ခန့်ရှိ ကွန်ဂိုပြည်ကို စီမံအုပ်ချုပ်နိုင်ခွင့် ရလာလေ၏။

ဤကဲ့သို့ ဘယ်လ်ဂျီယန်ပြည် ဒုတိယမြောက် လီအိုပိုဘုရင်က အာဖရိကတိုက် ကွန်ဂိုပြည်ကို စီမံစောင့်ရှောက်သူအဖြစ်ဖြင့် အုပ်စိုးလျက်ရှိလာသည့်အတွင်းတွင် ရိဂျာကိတ်စမင့်မှာလည်း ဂျင်နရယ်ဆန်ဖိုးဆိုသူ အမေရိကန်စစ်ဗိုလ်ကြီးအမျိုးရှိသော လူတစ်စုတို့နှင့်အတူ ကွန်ဂိုပြည်သို့ ရောက်ရှိနေရာ ထိုကွန်ဂိုပြည်၏ တိုင်းရင်းသားများမှာ ယခင်ကနှင့်မခြား ဆင်းရဲဒုက္ခဖြစ်လျက် ရှိနေကြသေးသည်ကို တွေ့ရလေ၏။ သို့ရာတွင် ထိုကွန်ဂိုပြည်သို့ စီးပွားရှာရောက်လာကြသော မျက်နှာဖြူလူမျိုးတို့မှာကား တစ်နေ့တခြား စီးပွားလမ်းဖြောင့်တန်းလျက် ရှိနေကြလေ၏။ အချို့ မျက်နှာဖြူလူမျိုးတို့သည် ဥရောပတိုက် အောက်တန်းစက်ရုံများမှ ထွက်သော အထည်အလိပ်တို့နှင့် ဖန်ပုတီး၊ ဖန်လက်ကောက် စသည်တို့ကို ကွန်ဂိုပြည်သို့ တင်ဆောင်ယူလာခဲ့ပြီးလျှင် ထိုအပေါစား၊ အညံ့စား ပစ္စည်းများနှင့် ကွန်ဂိုပြည် တိုင်းရင်းသားတို့၏ အဖိုးတန်ဆင်စွယ်များ၊ ကြက်ပေါင်စေးများကို လဲလှယ်၍ ယူကြလေသည်။

လောဘဇောတိုက်လွန်းသော ထိုမျက်နှာဖြူလူမျိုးတို့အနက် အချို့မှာလည်း ကွန်ဂိုပြည်၏ ကြွယ်ဝချမ်းသာသော ပစ္စည်းဥစ္စာတို့ကို ရှာဖွေယူငင်ရင်း ၄က်ဖျားမိ၍လည်းကောင်း၊ သားရဲတိရစ္ဆာန်တို့ကိုက်ခဲ၍လည်းကောင်း သေကျေပျက်စီးကြလေ၏။ ရိဂျာကိတ်စမင့်သည် အာဖရိကတိုက် ကွန်ဂိုပြည်မှ အင်္ဂလန်နိုင်ငံသို့ ပြန်လည်ထွက်ခွာလာခဲ့ပြီးနောက် အမေရိကန်နိုင်ငံသို့ တစ်ဖန် သွားရောက်ပြန်လေသည်။ အမေရိကန်နိုင်ငံသို့ ရောက်သောအခါ ဂျင်နရယ်ဆန်ဖိုးဆိုသူ အမေရိကန် စစ်ဗိုလ်ကြီးနှင့်အတူ အာဖရိကတိုက် ကွန်ဂိုမြစ်ကြောင်းနှင့်ပတ်သက်၍ နောက်ထပ်

mgyoe.com

mgyoe.com


ရှာဖွေစူးစမ်း တွေ့ရှိပုံတို့ကို လှည့်လည်၍ ဟောပြောကြလေရာ ထောင်ပေါင်းများစွာသော အမေရိကန်လူမျိုးတို့မှာ စိတ်အားထက်သန်လာကြလေ၏။

ရိဂျာကိတ်စမင့်က ယခု အာဖရိကတိုက် ကွန်ဂိုနယ်၌ ပြုပြင်ပြောင်းလဲ၍ စီမံအုပ်ချုပ်နေပုံသည် မျက်နှာဖြူလူမျိုးတို့၏ အကျိုးစီးပွားရေးအလို့ငှာ ဖြစ်သည့်အပြင် ထိုကွန်ဂိုပြည် တိုင်းရင်းသားအများတို့၏ ယဉ်ကျေးခြင်းအလို့ငှာလည်း ဖြစ်ကြောင်းနှင့် သာယာနာပျော်ဖွယ်ရာ ဟောပြောခြင်း ပြုလေသည်။ ထိုသို့ အမေရိကန်နိုင်ငံ၌ လှည့်လည်၍ ဟောပြောပြီးသည့်နောက် ၁၈၉၁ ခုနှစ်တွင် ရိဂျာကိတ်စမင့်သည် အာဖရိကတိုက် ကွန်ဂိုပြည်သို့ ပြန်၍လာခဲ့လေ၏။ ကွန်ဂိုပြည်မှာလည်း ဘယ်လ်ဂျီယန်ပြည် ဒုတိယမြောက် လီအိုပိုဘုရင်လက်အောက်တွင် ငါးနှစ်ခန့် စီမံအုပ်ချုပ်ခြင်း ခံရပြီးသည့်နောက် တိုင်းပြည်နှင့်တကွ တိုင်းရင်းသားတို့၏ အခြေအနေပါ များစွာ ပြုပြင်ပြောင်းလဲလာခဲ့ရာ အတွင်းကျသော နယ်ပယ်ဒေသတို့ရှိ တိုင်းရင်းသားတို့၌ပင် အုပ်ချုပ်ရေး ပြောင်းလဲလာခြင်း အရှိန်အဝါကို တွေ့ထိလာကြလေ၏။

ကွန်ဂိုပြည်တွင် ရှေးအစဉ်အလာကပင် ပြုလုပ်လာခဲ့ကြသော ကျွန်ရောင်းဝယ်ရေးအလုပ်မှာလည်း ဥပဒေအမျိုးမျိုးတို့ဖြင့် ဖိစီးနှိပ်ကွပ်ခြင်းပြုသည့်အတိုင်း ပပျောက်သလောက် ပပျောက်လာခဲ့လေ၏။ ၎င်းအပြင် ကွန်ဂိုပြည်တွင် ဘယ်လ်ဂျီယန်ပြည် – ဒုတိယမြောက် လီအိုပိုဘုရင်က စစ်တပ်များ ဖွဲ့စည်းလာသောကြောင့်လည်း စစ်သားပေါင်း တစ်သောင်းခန့်ရှိလာခဲ့၏။ ဤကဲ့သို့ စစ်တပ်များ ဖွဲ့စည်းခြင်းကြောင့်လည်း စရိတ်ကြေးငွေ မြောက်မြားစွာ ကုန်ကျလာခဲ့လေရာ ကွန်ဂိုပြည် တိုင်းရင်းသားများအပေါ်တွင် အခွန်ဘဏ္ဍာများစွာ စည်းကြပ်ခန့်ခွဲရန် ဖြစ်လာလေ၏။

mgyoe.com

mgyoe.com


ရိုဂျာကိတ်စမင့်မှာလည်း မျက်နှာဖြူလူမျိုးတို့အထဲတွင် ကွန်ဂို ပြည်နယ်နှင့်ပတ်သက်၍ အကျွမ်းကျင်ဆုံးလူတစ်ယောက် ဖြစ်လာသည့် အတိုင်း ဗြိတိသျှကိုလိုနီရုံးတော်မှ ၎င်းအား နိုက်ဂျီးရီးယားနယ် နယ် လှည့်အရာရှိအဖြစ်ဖြင့် ခန့်ထားလိုက်လေ၏။ နိုင်ဂျီးရီးယားနယ်မှာ အာဖရိကတိုက်တွင် အင်္ဂလိပ်အစိုးရတို့က ကိုလိုနီချဲ့ထွင် စီမံထားသော နယ်ဖြစ်သည့်အပြင် ထိုနယ်၏ အကျိုးကျေးဇူးခံစားရာ ခံစားကြောင်း လမ်းမှာလည်း မရှိသေးသည့်အတိုင်း ရိုဂျာကိတ်စမင့်ဆိုသူအား ဗြိသိသျှ ကိုလိုနီရုံးတော်မှ ခန့်ထားလိုက်ခြင်းပင် ဖြစ်၏။

ရိုဂျာကိတ်စမင့်မှာ ထိုစဉ်က အသက်နှစ်ဆယ့်ရှစ်နှစ်အရွယ် ရှိသည့်အပြင် အာဖရိကတိုက်အခြေအနေနှင့် တိုင်းရင်းသားတို့၏ သဘာဝကို အထူးကျွမ်းကျင်သူဖြစ်ရကား သုံးနှစ်ခန့်အတွင်း၌ပင် အမှုတော်ထမ်းကောင်းတစ်ယောက်ဖြစ်ကြောင်းနှင့် ဆာကလတ်မက္က ဒေါ်နယ်ဆိုသူ နိုက်ဂျီးရီးယားပြည် မဟာဝန်ရှင်တော်မင်းကြီး၏ ချီးမွမ်း ခြင်းကို ခံလာရလေ၏။ ၁၈၉၅ ခုနှစ်သို့ ရောက်သောအခါ ရိုဂျာကိတ်စမင့် မှာ အသက် သုံးဆယ့်နှစ်နှစ်အရွယ်တွင် ပေါ်တူဂီအစိုးရပိုင် အာဖရိက တိုက် အရှေ့ပိုင်းနယ် လိုရင်ကိုမာကွီးခေါ် ဆိပ်ကမ်းမြို့၌ ဗြိတိသျှအစိုးရ တို့၏ ကောင်စစ်ဝန်ရာထူးဖြင့် တိုးတက်ခန့်ထားခြင်း ခံလာရပြန်လေ၏။

ထို့နောက် ရိုဂျာကိတ်စမင့်မှာ ပေါ်တူဂီအစိုးရပိုင် အနောက် အာဖရိကနယ်သို့တစ်ဖန် ဗြိတိသျှအစိုးရတို့၏ ကောင်စစ်ဝန်ရာထူးဖြင့် ၁၈၉၈ ခုနှစ်တွင် ရွှေ့ပြောင်းခန့်ထားခြင်း ခံလာရပြန်လေ၏။ ဤကဲ့သို့ ရွှေ့ပြောင်းခန့်ထားခြင်းခံရသည့်နောက် မကြာမီ ဗြိတိသျှအစိုးရတို့သည် တောင်အာဖရိကတိုက် ထရန်စဗယ်နယ်တွင် ဘိုဝါလူမျိုးတို့နှင့် စစ်မက် ဖြစ်ပွားလာခဲ့လေရာ ထိုအာဖရိတိုက် နယ်ပယ်ဒေသတို့ကို များစွာ ကျွမ်းကျင်နားလည်သော ရိုဂျာကိတ်စမင့်မှာ ဗြိတိသျှအစိုးရတို့၌ များစွာ

mgyoe.com

mgyoe.com


အသုံးဝင်လာလေသည်။ ဤကဲ့သို့ အသုံးဝင်သောသူတစ်ယောက် ဖြစ်သည့်အတိုင်းလည်း ထိုစစ်မက်အတွင်းတွင် ရိုဂျာကိတ်စမင့်မှာ အထူးအလုပ်ဝတ္တရားဖြင့် နောက်ထပ် ခန့်ထားခြင်းခံလာရသည့်အတိုင်း အင်္ဂလန်နိုင်ငံ ဝိတိုရိယဘုရင်မကြီး၏ တောင်အာဖရိကတိုက်တံဆိပ်ကို ခံယူရရှိလာခဲ့လေ၏။

ဆိုခဲ့သည့်အတိုင်း ရိုဂျာကိတ်စမင့်သည် တောင်အာဖရိကတိုက် ထရန်စဗယ်နယ်တွင် စစ်မက်အတွင်း ဗြိတိသျှအစိုးရတို့၏ အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ရပြီးသည့်နောက် စစ်မက်ပြီးစီးသောအခါ ကွန်ဂိုပြည်သို့ ဗြိတိသျှအစိုးရတို့၏ ကောင်စစ်ဝန်ကြီးရာထူးဖြင့် ချီးမြှင့်ခန့်ထားခြင်း ခံလာရလေသည်။ ထို့နောက် ၁၉၀၁ ခုနှစ် ဩဂုတ်လတွင် ရိုဂျာကိတ်စမင့်မှာ ပြင်သစ်အစိုးရပိုင် ကွန်ဂိုမြစ်တစ်ဖက်ကမ်းရှိ ကွန်ဂိုကိုလိုနီနယ်သို့ ဗြိတိသျှအစိုးရတို့၏ ကောင်စစ်ဝန်ကြီးရာထူးဖြင့် နောက်ထပ်ခန့်ထားခြင်း ခံရပြန်လေ၏။

ယခုအခါ ရိုဂျာကိတ်စမင့်မှာ အာဖရိကတိုက် ဗဟိုကျသောပြည်နယ်ဒေသတို့တွင် အကျွမ်းကျင်ဆုံး တိုင်းရင်းသားတို့၏ သဘာဝကို နားအလည်ဆုံး ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်ဟု ထင်ပေါ် ကျော်စောလာခဲ့၏။ ၎င်းအပြင် ကွန်ဂိုပြည်မှာလည်း ဘယ်လ်ဂျီယန်ပြည် ဒုတိယမြောက် လီအိုပိုဘုရင်၏လက်အောက်၌ တိုင်းရင်းသားတို့သည် ယဉ်ကျေးခြင်း မဖြစ်သည့်အပြင် အခွန်ဘဏ္ဍာလေးလံ၍ အတိဒုက္ခကျရောက်လာသည့်အတိုင်း များစွာ ညည်းတွားလာကြလေ၏။ ထိုအခါ ရိုဂျာကိတ်စမင့်မှာ မိမိ၏ တာဝန်ဝတ္တရားရှိသည့်အတိုင်း ကွန်ဂိုပြည်၏ ဖြစ်ပျက်လာပုံအခြေအနေတို့ကို အင်္ဂလန်နိုင်ငံခြားရုံးတော်သို့ အစီရင်ခံစာ တင်သွင်းလေရာ အင်္ဂလန်နိုင်ငံအစိုးရအဖွဲ့မှာ အရေးတယူပြုလုပ်ရန် အကြောင်း ပေါ်ပေါက်လာခဲ့လေသည်။ အင်္ဂလန် နိုင်ငံခြားရေးဆိုင်ရာ

mgyoe.com

mgyoe.com


အတွင်းဝန်ကြီးဖြစ်သူ လော့လင်းစတုန်းသည် ကွန်ဂိုပြည်၏ ဖြစ်ပျက်လာပုံ အခြေအနေနှင့်ပတ်သက်၍ အခြားသော လက်နက်နိုင်ငံကြီးတို့၏ အစိုးရများထံ အကြောင်းစကား ပြောဆိုခြင်း ပြုလုပ်သည့်အပြင် ဘယ်လ်ဂျီယန်ပြည် ဒုတိယမြောက် လီအိုပိုဘုရင်ထံသို့လည်း ဟုတ်၊ မဟုတ် မှန်၊ မမှန်ကို အကြောင်းစကားပြန်ကြားရန် တောင်းဆိုခြင်းပြုလေ၏။ ဤကဲ့သို့ အင်္ဂလန်နိုင်ငံခြားရုံးမှ တောင်းဆိုချက်ကို ရရှိသည့်ကာလ။ ဘယ်လ်ဂျီယန်ပြည် ဒုတိယမြောက် လီအိုပိုဘုရင်မှာ စိတ်မကျေမနပ်ဖြစ်ပြီးလျှင် အာဖရိကတိုက် ကွန်ဂိုပြည်တွင် မိမိ၏အစိုးရ စီမံအုပ်ချုပ်ပုံနှင့် ပတ်သက်၍ စွပ်စွဲပြောဆိုချက်သည် အခြေအမြစ် မရှိကြောင်းနှင့် ငြင်းပယ်ခြင်းပြုလေ၏။

ထိုအခါ အင်္ဂလန်နိုင်ငံခြားရေးဆိုင်ရာ အတွင်းဝန်ကြီး လော့လင်းစတုန်းမှာ ကွန်ဂိုပြည်နှင့်ပတ်သက်၍ သေသေချာချာ သက်သေသာဓကနှင့် နောက်ထပ်စုံစမ်းစစ်ဆေး၍ အစီရင်ခံစာ တင်သွင်းစေရမည်ဟု ရိုဂျာကိတ်စမင့်ထံ ဆင့်ဆိုခြင်းပြုလေ၏။ ရိုဂျာကိတ်စမင့်သည် အင်္ဂလန်နိုင်ငံခြားရေးဆိုင်ရာ အတွင်းဝန်ကြီးထံမှ ဆင့်ဆိုချက်ကို ရရှိသောအခါ ကွန်ဂိုပြည် မြို့ရွာနယ်ပယ်များသို့ ကိုယ်တိုင် လှည့်လည်သွားပြီးလျှင် ရောက်ရာအရပ်တိုင်း၌ တိုင်းရင်းသားတို့အား စစ်ဆေးမေးမြန်းခြင်း ပြုလေ၏။ တိုင်းရင်းသားတို့မှာလည်း မိမိတို့အပေါ် ဘယ်လ်ဂျီယန်အစိုးရတို့က အခွန်ဘဏ္ဍာကြီးလေးစွာ စီမံခန့်ခွဲပုံ၊ မျက်နှာဖြူကုန်သည်ကြီးတို့က အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ပုံ၊ စစ်သားများက သေနတ်ဖြင့် ရက်ရက်စက်စက် ပစ်သတ်ပုံ စသည်တို့ကို ပြောပြသည်မှာ များစွာဝမ်းနည်းကြေကွဲစရာ ကောင်းလေသည်။

ကွန်ဂိုပြည် တိုင်းရင်းသားတို့သည် မိမိတို့၏ပြည်နယ်သို့ မျက်နှာဖြူလူမျိုးတို့ လက်ဦးအစ ရောက်လာစဉ်အခါက မိမိတို့တိုင်းရင်းသား

mgyoe.com

mgyoe.com


များအပေါ် ကောင်းကျိုးချမ်းသာပေးကြမည့် မိုးကျနတ်သားများသဖွယ် ထင်မြင်အောက်မေ့ပြီးလျှင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခြင်း ပြုခဲ့ကြလေသည်။ သို့ရာတွင် ထိုမျက်နှာဖြူလူမျိုးတို့မှာ မိမိတို့ ယုံကြည်ကိုးစားသည့်အတိုင်းမဟုတ်ဘဲ နှိပ်စက်ညှဉ်းပန်းကြသဖြင့် မခံမရပ်နိုင်ဖြစ်လာသော်ငြားလည်း သူ့လက်တွင်းမှ ပြေးမလွတ်ဘဲ နေကြရလေ၏။

ရိဂျာကိတ်စမင့်သည် တိုင်းရင်းသားတို့၏ သနားဖွယ်ရာ ပြောပြချက်အရပ်ရပ်တို့ကို ရေးတင် မှတ်သားခြင်းပြုသည့်အပြင် အမေရိကန်သာသနာပြုဆရာကြီး တချို့တို့နှင့်တွေ့၍ ၎င်းတို့က ပြောပြချက်စကားတို့မှာလည်း တိုး၍ ဝမ်းနည်းကြေကွဲစရာကောင်းသည်ကို တွေ့ရလေသည်။ ဤကဲ့သို့ စုံစမ်းစစ်ဆေး သိရပြီးနောက် ရိဂျာကိတ်စမင့်သည် စတန်လေပူးမြို့သို့ ပြန်လည်ဆိုက်ရောက်သောအခါ အင်္ဂလန်နိုင်ငံခြားရုံးမှ မိမိအား စုံစမ်းစစ်ဆေးချက် အရပ်ရပ်နှင့်တကွ လန်ဒန်မြို့တော်သို့ လာစေလိုကြောင်း စာတစ်စောင်ကို ရရှိလေရာ ရိဂျာကိတ်စမင့်မှာ ၁၉၀၄ ခုနှစ် ဇန်နဝါရီလထဲတွင် မီရာသဘော်ဖြင့် လန်ဒန် မြို့တော်သို့ လိုက်ပါသွားရလေ၏။

❒

mgyoe.com

mgyoe.com

အခန်း (၂)

# တောင်အမေရိကန်တိုက်တွင်

ဆိုခဲ့သည့်အတိုင်း ရိဂျာကိတ်စမင့်သည် ၁၉၀၄ ခုနှစ် ဇန်နဝါရီလတွင် ဆိုက်ရောက်လာလေရာ အင်္ဂလန်နိုင်ငံခြားရေးဆိုင်ရာ အတွင်းဝန်ကြီး လော့လင်းစတုန်းမှာ အာဖရိကတိုက် ကွန်ဂိုပြည်နှင့် ပတ်သက်၍ ဖြစ်ပျက်ပုံ အလုံးစုံတို့ကို သိလာရကား အင်္ဂလန်နိုင်ငံ အစိုးရအဖွဲ့နှင့် တိုင်ပင်ပြီးလျှင် ကွန်ဂိုပြည်အခြေအနေနှင့် ပတ်သက်၍ ဖြစ်ပျက်နေသော အကြောင်းအရာတို့ကို လက်နက်နိုင်ငံကြီး အသီးသီးတို့ထံ ပေးပို့သည့် အပြင် စာတမ်းတစ်စောင်ကိုလည်း ထုတ်ပြန်ကြေညာခြင်း ပြုလေ၏။ ထိုအခါ အင်္ဂလန်နိုင်ငံတစ်ဝန်းလုံးတွင် အာဖရိကတိုက် ကွန်ဂိုပြည်နယ်၏ ဖြစ်ပျက်နေသော အခြေအနေနှင့် ပတ်သက်၍ ဆူပွက်ပြောဆိုလာကြလေသည်။

ရိဂျာကိတ်စမင့်ဆိုသူမှာ အနောက်အာဖရိကတိုက်တွင် ကောင်စစ်ဝန်ရာထူးဖြင့် မထင်မရှား ထမ်းရွက်နေခဲ့ရာမှ ယခုအခါ အင်္ဂလန်တစ်နိုင်ငံလုံးနှင့်တကွ ကမ္ဘာကပင် ထင်ပေါ်ကျော်စောလောက်အောင် အခြေနေသို့ ရောက်လာလေ၏။ ရိဂျာကိတ်စမင့်အား အင်္ဂလန်နိုင်ငံ ကယ်ဘိနက်အဖွဲ့ဝင်မှူးမတ်တို့ကိုယ်တိုင်က တွေ့ဆုံမေးမြန်းခြင်းလည်း

mgyoe.com

mgyoe.com


ကောင်း၊ အင်္ဂလန်နိုင်ငံသတင်းစာ ကိုယ်စားလှယ်ကြီးတို့က တွေ့ဆုံမေးမြန်းခြင်းလည်းကောင်း ပြုလုပ်လာကြလေ၏။ ဤကဲ့သို့ အာဖရိကတိုက် ကွန်ဂိုပြည်၏အခြေအနေနှင့်ပတ်သက်၍ ဟုတ်တိုင်းမှန်ရာ ထုတ်ဖော် အစီရင်ခံဝံ့သော ရိုဂျာကိတ်စမင့်ဆိုသူမှာ အင်္ဂလန်နိုင်ငံနှင့်တကွ ကမ္ဘာတစ်ဝန်းလုံးလိုပင် ထင်ပေါ်ကျော်စောသော အဆင့်အတန်းသို့ ရောက်ရှိလာသည့်အတိုင်း ၁၉၀၅ ခုနှစ် အင်္ဂလန်နိုင်ငံအစိုးရတို့က ချီးမြှင့်ခြင်း ပြုသော ဘွဲ့ထူးဂုဏ်ထူး ရရှိသူတို့၏စာရင်းတွင် ပါလာလေသည်။

ရိုဂျာကိတ်စမင့်သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ဆိုက်ရောက်ပြီးသည့်နောက် များမကြာမီ အားလပ်ခွင့်ခံယူရရှိလေရာ မိမိ၏ တိုင်းရင်းဒေသဖြစ်သော အိုင်ယာလန်ပြည်သို့ သွားရောက်ပြီးလျှင် မိမိ၏ ဆွေးမျိုးညာတကာတို့နှင့်အတူ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်လေ၏။ သို့ရာတွင် မိမိ၏တိုင်းရင်းဒေသဖြစ်သော အိုင်ယာလန်ပြည်မှာလည်း တိုင်းရင်းသား အိုင်ယာလန်လူမျိုးများ အတိဒုက္ခကျရောက်နေပုံ၊ တိုင်းရင်းအိုင်ယာလန်ပြည်၌ မနေမထိုင်နိုင်အောင်ဖြစ်လာသဖြင့် အမေရိကန်နိုင်ငံသို့ အမြောက်အမြား ထွက်ခွာသွားရပုံတို့ကို ကိုယ်တိုင် တွေ့မြင်သိရှိလာပြန်ရကား၊ အင်္ဂလိပ်အစိုးရတို့လက်အောက်တွင် အိုင်ယာလန်လူမျိုးများ ဖြစ်ပျက်ရပုံအခြေနှင့် ဘယ်လ်ဂျီယန်ပြည် ဒုတိယမြောက် လီအိုပိုဘုရင်၏ ဘယ်လ်ဂျီယန်အစိုးရလက်အောက်တွင် ကွန်ဂိုပြည်တိုင်းရင်းသားများ ဖြစ်ပျက်ရပုံအခြေအနေတို့ကို တစ်ခုနှင့်တစ်ခု ယှဉ်ရှိုင်းကြည့်ရှုကာ စဉ်းစားဆင်ခြင်မိလာလေ၏။

၁၉၀၆ ခုနှစ်သို့ ရောက်သောအခါ အင်္ဂလန်နိုင်ငံတစ်ဝန်းလုံးတွင် ပါလီမန်လူကြီးရွေးကောက်ပွဲကို ကျင်းပပြုလုပ်လာလေ၏။ ထိုရွေးကောက်ပွဲကြီးတွင် ရိုဂျာကိတ်စမင့်ဆိုသူ၏ အစီရင်ခံချက်နှင့် ပတ်သက်၍ အာဖရိကတိုက်ကွန်ဂိုပြည်၏ ဖြစ်ပျက်ပုံအခြေအနေတို့ကို

mgyoe.com

mgyoe.com


အထူးသဖြင့် အရေးတယူပြုလုပ်လာခဲ့သော လစ်ဘရယ်ဂိုဏ်းသားတို့သည် အများအပြား ရွေးကောက်တင်မြှောက်ခြင်းခံလာရသည့်အတိုင်း ကွန်ဆာဗေးတစ်ဂိုဏ်းမှာ ရာထူးမှကျ၍ လစ်ဘရယ်ဂိုဏ်းဝင် ဆာဒွေက်ဂရေးဆိုသူမှာ အင်္ဂလန်နိုင်ငံခြားရေးဆိုင်ရာ အတွင်းဝန်ကြီး ဖြစ်လာလေရာ ရိုဂျာကိတ်စမင့်အား တာဝန်ခံရာထူးတစ်ခုဖြင့် ချီးမြှင့်ခန့်ထားခြင်းပြုရန် ရည်သန်လျက် ရှိလေ၏။

အိုင်ယာလန်ပြည်မှာလည်း အင်္ဂလန်နိုင်ငံ ကွန်ဆာဗေတစ် ဂိုဏ်းသားတို့ ရာထူးမှကျ၍ လစ်ဘရယ်ဂိုဏ်းသားတို့က အစိုးရဖွဲ့၍ အုပ်ချုပ်လာခဲ့သည်တွင် ထိုလစ်ဘရယ်ဂိုဏ်းဝင် အစိုးရတို့အပေါ် မိမိတို့ အိုင်ယာလန်ပြည် ဟုမ္မရူးအုပ်ချုပ်ခွင့်အတွက် အမျှော်လင့်ကြီး မျှော်လင့်လျက်ရှိနေကြလေ၏။ အကြောင်းမူကား ထိုလစ်ဘရယ် ဂိုဏ်းဝင်တို့က အိုင်ယာလန်ပြည် ဟုမ္မရူးအုပ်ချုပ်ရေးအတွက် များစွာ ထောက်ခံပြောဆိုခဲ့ကြသောကြောင့်ဖြစ်၏။ သို့သော် မျှော်လင့်သည့်အတိုင်းမဟုတ်ဘဲ လစ်ဘရယ် ဂိုဏ်းဝင်တို့သည် အစိုးရမဖြစ်မီက တစ်မျိုးပြော၍ အစိုးရ ဖြစ်လာသည့်နောက် တစ်မျိုးလုပ်လာကြသောအခါ အိုင်ယာလန်ပြည် အိုင်ရစ်လူမျိုးတို့မှာ များစွာ စိတ်အပျက်ကြီး ပျက်လာကြလေ၏။

ဤကဲ့သို့ စိတ်ပျက်လာကြသည့်နောက် အိုင်ရစ်လူမျိုးတို့သည် မိမိတို့တိုင်းပြည်နှင့် လူမျိုးတို့၏ လွတ်လပ်ချမ်းသာရေးအတွက် သူတစ်ပါးအပေါ် အားမကိုးဘဲ ဥစ္စာရင်လို ဥစ္စာရင်ခဲဆိုသည့်အတိုင်း မိမိတို့ကိုယ်တိုင် ကြိုးစားအားထုတ်ကြရန် သန္နိဋ္ဌာန်ချလာကြလေ၏။ ၎င်းပြင် အိုင်ယာလန် တစ်ပြည်လုံးတွင်လည်း တိုင်းရင်းသားဘာသာစကားကို ပြန်လည်ထွန်းကားလာစေခြင်းငှာလည်းကောင်း၊ အိုင်ယာလန်ပြည် တိုင်းရင်းသားတို့၏ လက်မှုပညာလုပ်ငန်း အရပ်ရပ်တို့ကို ပြန်လည်ကြီးပွားထွန်းကားလာစေခြင်းငှာလည်းကောင်း အသင်းအပင်းများ၊ အနှံ့

mgyoe.com

mgyoe.com


အပြား ဖွဲ့စည်းပြီးလျှင် စီမံ ဆောင်ရွက်လာခဲ့ကြလေ၏။

ရိုဂျာကိတ်စမင့်မှာ အိုင်ယာလန် တိုင်းရင်းသားမှန်သည့်အတိုင်း ပဋိသန္ဓေပါ ဝံသာနုစိတ်ဓာတ် ကြီးမားသည့် အားလျော်ညီစွာ မိမိ၏ တစ်ကိုယ်ကောင်း ကြီးပွားရေးထက် မိမိ၏ အိုင်ယာလန်ပြည် ကြီးပွားရေးကိုသာလျှင် စိတ်နှလုံးသွင်းလာရကား အိုင်ရစ်လူမျိုးတို့၏ ဝံသာနု အသင်းအပင်းတို့တွင် ဝင်ရောက်ဆောင်ရွက် လာလေသည်။ ထိုအတော အတွင်း အင်္ဂလိပ်စစ်တပ်များသို့ အိုင်ရစ်လူမျိုးများ ဝင်ရောက်ထမ်းရွက်ခြင်းမှ ရပ်စဲစေရန် လှုံ့ဆော်ပြောဟောသော အိုင်ရစ်လူငယ်တစ်စုတို့လည်း ပေါ်ထွက်လာပြန်ရကား ထိုအိုင်ရစ် လူငယ်တစ်စုတို့နှင့် အင်္ဂလိပ် အစိုးရတို့သည် အကြီးအကျယ် ပဋိပက္ခ ဖြစ်လျက်ရှိနေကြလေ၏။

ထိုအိုင်ရစ်လူငယ် တစ်စုတို့၏ ရည်ရွယ်ချက်မှာ အိုင်ယာလန်ပြည်မှ အိုင်ရစ်လူမျိုးများ ရွှေ့ပြောင်းထွက်ခွာခြင်း မရှိစေခြင်းငှာ အိုင်ယာလန်ပြည်၏ စီးပွားရေးအခြေအနေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်လည်းကောင်း၊ အိုင်ယာလန်ပြည်တွင် သူတစ်ပါး တိုင်းပြည်အပေါ် မှီခိုအားထားခြင်းမပြုဘဲ မိမိတို့၏ တိုင်းထွက်ပြည်ထွက် ပစ္စည်းနှင့်သာလျှင် ပြည့်စုံလုံလောက်အောင် ဆောင်ရွက်ရန်လည်းကောင်း၊ အိုင်ရစ်လူမျိုးတို့၏ မိရိုးဖလာထုံးစံဓလေ့ မပျောက်ပျက်စေဘဲ အိုင်ယာလန်ပြည် ရာဇဝင်နှင့် အိုင်ယာလန် တိုင်းရင်းသားစကားတို့ကို နှစ်သက်မြတ်နိုးလာအောင် အားပေးဆောင်ရွက်ရန်လည်းကောင်း ဖြစ်ရကား ရိုဂျာကိတ်စမင့်ဆိုသူမှာ ထိုရည်ရွယ်ချက်တို့ကို အလွန်တရာ နှစ်သက်သဘောကျလျက် ရှိလေသည်။

ရိုဂျာကိတ်စမင့်သည်ဆိုခဲ့သော အိုင်ယာလန်လူငယ်တို့နှင့်အတူ သွားလာနေထိုင် လုပ်ကိုင်ဆောင်ရွက်လျက် ရှိနေစဉ် အင်္ဂလန်နိုင်ငံ အစိုးရတို့ထံမှလည်း ကောင်စစ်ဝန်ရာထူးဖြင့်ခန့်ထားရန် အကြောင်းစာတို့သည်

mgyoe.com

mgyoe.com


မကြာမကြာ ရောက်လာလေ၏။ သို့သော်လည်း ရိဂျာကိတ်စမင့်သည် မိမိ၏ အိုင်ရစ်လူငယ်များနှင့်အတူ မိမိ၏ အိုင်ယာလန်ပြည်အတွက် ဆောင်ရွက်နေရသည်ကို အလွန် နှစ်သက်သဘောကျနေသည့်အတိုင်း ဆောင်ရွက်လာခဲ့သည်မှာ တစ်နှစ်ခွဲကျော် နှစ်နှစ်ခန့် ကြာရှိလာလေသည်။ အင်္ဂလန်နိုင်ငံခြားရေးဆိုင်ရာ အတွင်းဝန်ကြီးအသစ်ဖြစ်သူ ဆာဒွေက်ဂရေးကလည်း အာဖရိကတိုက် ကွန်ဂိုပြည်၏အခြေအနေနှင့် ပတ်သက်၍ မိမိရရ စုံစမ်းစစ်ဆေးနိုင်ခဲ့သူ ရိဂျာကိတ်စမင့်အား အမှတ်တရ ဖြစ်သည့်အတိုင်း ၎င်းအား ဗြိတိသျှအစိုးရတို့၏အမှုတော်ကို ထမ်းရွက်စေဦးမည်ဟု နှလုံးသွင်းလျက် ရှိလေ၏။

ထိုအတောအတွင်းတွင် တောင်အမေရိကတိုက် ဘရာဇီးပြည် ဆန်ပိုလိုနယ်၌ ဗြိတိသျှအစိုးရတို့၏ ကောင်စစ်ဝန်ရာထူးတစ်ခု လစ်လပ်လာခဲ့လေရာ ရိဂျာကိတ်စမင့်အား ထိုရာထူးတွင် ဗြိတိသျှအစိုးရတို့က ခန့်ထားခြင်းပြုလေ၏။ ယခုအခါ ရိဂျာကိတ်စမင့်မှာ အသက်လေးဆယ်ခန့်သာ ရှိသေးသည့်အပြင် ရှေ့သို့တိုးတက်ရန် လမ်းစလည်း မြင်သောကြောင့်ဆိုခဲ့သော ကောင်စစ်ဝန်ရာထူးကို လက်ခံထမ်းရွက်ခြင်းပြုလေ၏။ ထိုဆန်ပိုလိုနယ်၌ တစ်နှစ်ခန့် ထမ်းရွက်ပြီးသည့်နောက် ၁၉၀၇ ခုနှစ် ဒီဇင်ဘာလတွင် ကမ္ဘာပေါ်၌အကြီးဆုံးသော အမေဇုန်မြစ်၏ မြစ်ဝဆိပ်ကမ်းဖြစ်သည့် ပါရာမြို့သို့ တစ်ဖန် ကောင်စစ်ဝန်ရာထူးဖြင့် ရွှေ့ပြောင်းခန့်ထားခြင်း ခံရပြန်လေ၏။

ရိဂျာကိတ်စမင့်မှာ တောင်အမေရိကတိုက် မြောက်ဘက်ကမ်းခြေရှိ ပါရာဆိပ်ကမ်းမြို့၌ ဗြိတိသျှအစိုးရတို့၏ ကောင်စစ်ဝန်ရာထူးဖြင့် ထမ်းရွက်လျက် ရှိနေစဉ်တွင် ကြက်ပေါင်စေးကုမ္ပဏီတို့၏ မတရားသဖြင့် ပြုမူလုပ်ကိုင်နေကြပုံကို သိလာသည့်အတိုင်း အာဖရိကတိုက် ကွန်ဂိုပြည်တွင် မျက်နှာဖြူလူမျိုး ကုန်သည်ကြီးတို့၏ ညှဉ်းပန်းနှိပ်စက်ပုံ

mgyoe.com

mgyoe.com


တို့ကို တွေးတော သတိရလာပြန်လေ၏။ သို့ရာတွင် ရိဂျာကိတ်စမင့်မှာ ပါရာဆိပ်ကမ်းမြို့၌ အမှုထမ်း၍ တစ်နှစ်ခန့်မျှ မတိုင်မီ ဘရာဇီးပြည် ရီအိုမြို့တော်သို့ ဗြိတိသျှအစိုးရတို့၏ ကောင်စစ်ဝန်ကြီးချုပ်ရာထူးဖြင့် နောက်ထပ် တိုးတက်ခန့်ထားခြင်း ခံလာရပြန်လေ၏။

သို့ရာတွင် အမေဇုန်မြစ်ရိုးတစ်လျှောက်၌ ကြက်ပေါင်စေးကုန်နှင့် ပတ်သက်၍ မျက်နှာဖြူ ကုန်သည်ကြီးတို့၏ ညှဉ်းပန်းနှိပ်စက်ခြင်းကို မခံမရပ်နိုင် ဖြစ်နေကြသော တိုင်းရင်းသားတို့က အကြီးအကျယ် ဆူပူခြင်း ဖြစ်လာကြသောအခါ ရိဂျာကိတ်စမင့်အား အင်္ဂလန်နိုင်ငံခြားရုံးတော်က တိုင်ပင်ဆွေးနွေးရန် လန်ဒန်မြို့တော်သို့ဆင့်ခေါ်ခြင်း ပြုလုပ်ပြီးနောက် ၁၉၁၀ ခုနှစ် ဇူလိုင်လထဲတွင် တောင်အမေရိကတိုက် အခြားတစ်ဖက်ကမ်းရှိ ပူတူမရိုးဒိစတြိတ်နယ်သို့ စုံစမ်းစစ်ဆေးရေးဆိုင်ရာ ကော်မရှင်အဖွဲ့တွင် ခန့်ထားခြင်းပြုလေ၏။ ခန့်ထားသည့်အတိုင်းလည်း ရိဂျာကိတ်စမင့်သည် ကော်မရှင်အဖွဲ့နှင့်အတူ တူပူမရိုးဒိစတြိတ်နယ်သို့ ဆိုက်ရောက်သောအခါ အိုရီယာမြို့၌ ရှေးဦးစွာ စုံစမ်းစစ်ဆေးခြင်း ပြုလုပ်သည်တွင် အထူးသဖြင့် ပီရူးနယ်မှ ဖွင့်လှစ်သော ကြက်ပေါင်စေး ကုမ္ပဏီ၏ မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်း အကြောင်းများကို သိရှိရလေ၏။

ညှဉ်းပန်းနှိပ်စက်ပုံမှာ ထိုကုမ္ပဏီက တိုင်းရင်းသားတို့အား ကြက်ပေါင်စေး ရှာကြံပေးသွင်းစေရန် ငွေရမ်းပြီးလျှင် အလိုရှိသော ကြက်ပေါင်စေး အချိန်တွယ်ကို မရခဲ့သော် ကြိမ်ဒဏ်ရိုက်ခြင်း၊ ချုပ်နှောင်ခြင်း ပြုလေသည်။ ကြိမ်ဒဏ်ရိုက်ပုံမှာလည်း အလွန်ပြင်းထန်လွန်း၍ များစွာသော တိုင်းရင်းသားတို့မှာ ကြိမ်ဒဏ်ခံပြီးသည့်နောက် သေမလောက် ဖြစ်ကြရာလေသည်။ ထို့ထက် ကြက်ပေါင်စေးကုမ္ပဏီတို့၏ ရက်စက်ကြမ်းကြုတ်ပုံ တစ်ခုမှာ ထိုတိုင်းရင်းသားတို့အား အသေအလဲခိုင်းစေပြီး

mgyoe.com

mgyoe.com


လျှင် အစာအာဟာရကို မဝတဝ မသေရုံကျွေးထားခြင်းပင်ဖြစ်၏။

ဤကဲ့သို့ စုံစမ်းစစ်ဆေး၍ တွေ့ရှိပုံတို့ကို ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌအား ရေးတင်မှတ်သားစေရန် ရိဂျာကိတ်စမင့်က ပြောကြားခြင်းပြုလေ၏။ ထို့နောက် အခြားမြို့ရွာဒေသများသို့ လှည့်လည်၍ စုံစမ်းစစ်ဆေးပြန်သည်တွင် အချို့တိုင်းရင်းသားတို့မှာ ကြိမ်ဒဏ်ရိုက်နှက်ခြင်း၊ ချုပ်နှောင်ခြင်း ခံရရုံမျှသာမက သတ်ဖြတ်ခြင်းကိုပင် ခံရကြောင်းကို တွေ့ရလေ၏။ ကော်မရှင်အဖွဲ့က စုံစမ်းစစ်ဆေး၍ ပေါ်ပေါက်လာသော အချက်တို့မှာ အကျဉ်းချုပ်အားဖြင့် အောက်ပါအတိုင်းဖြစ်လေသည်။

**ကြက်ပေါင်စေးကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်ဟောင်းတစ်ဦး ထွက်ချက်။**

ကျွန်ုပ်သည် ၁၉၀၅ ခုနှစ်တွင် ကိုယ်စားလှယ်အလုပ်ဖြင့် ဝင်ရောက်လုပ်ကိုင်ရာ ပူတူမရိုးဒိစတြိတ်နယ်သို့ စေလွှတ်ခြင်းခံရ၏။ ထိုပူတူမရိုးနယ်သို့ ရောက်သောအခါ ကျွန်ုပ်အား သေနတ်ခဲယမ်း အပြည့်အစုံပေးပြီးလျှင် တိုင်းရင်းသားတို့အား အတင်းအကျပ် ကြက်ပေါင်စေး ခံယူစေပါကြောင်း၊ အကယ်၍ တိုင်းရင်းသားတို့က လိုသလောက် ကြက်ပေါင်စေးကို မပေးနိုင်သဖြင့် ထွက်ပြေးတိမ်းရှောင်နေသည်ဆိုလျှင် ၎င်းတို့အား တောထဲတွင် လိုက်ရှာ၍ သေနတ်ဖြင့် ပစ်သတ်ရကြောင်း၊ တိုင်းရင်းသားတို့အား ကြက်ပေါင်စေးပေးသွင်းရန် ခိုင်းစေသည့်အခါ အခကြေးငွေဟူ၍ ကုမ္ပဏီကမပေးဘဲ အဝတ်အစားနှင့် ဖန်ပုတီး၊ ဖန်လက်ကောက်၊ မှန်ကလေး စသည်တို့ကိုသာ ပေးကမ်းပါကြောင်း။

mgyoe.com

mgyoe.com


**ဂျိုရှုး၀ါးဒေရဲ ဆိုသူ ကိုယ်စားလှယ်တစ်ဦး၏ထွက်ချက်။**

ကျွန်ုပ်သည် ကုမ္ပဏီတွင် ၀င်ရောက် အလုပ်လုပ်ခဲ့သည်မှာ ၆ နှစ်ကျော်ပါပြီ။ ကျွန်ုပ်မှာ ကုမ္ပဏီ၏ ကိုယ်စားလှယ်တို့နှင့်အတူ တိုင်းရင်းသားများနေထိုင်ရာ ရပ်ရွာများသို့ သွားရောက်ပြီးလျှင် တွေ့သမျှ ယောကျ်ား၊ မိန်းမ မရွေး ဖမ်းဆီးလျက် ကုမ္ပဏီအတွက် ကြက်ပေါင်စေး ခံယူရန် အလုပ်ကို အတင်းအကျပ်ခိုင်းစေရပါကြောင်း၊ ကျွန်ုပ်တို့မှာ ဤကဲ့သို့ တိုင်းရင်းသားတို့အား ရှာဖွေဖမ်းဆီးခြင်းအလုပ်ကို လုပ်ကိုင်ရသည့်အတိုင်း အဖမ်းမခံဘဲ ထွက်ပြေးသော တိုင်းရင်းသားတို့အား သေနတ်ဖြင့်ပစ်သတ်ရပါကြောင်း။

**ဂျိမ်းချိပ်(စ်)ဆိုသူ၏ ထွက်ချက်။**

ကျွန်ုပ်မှာ ပီရူးပြည်မှ ဖွင့်လှစ်သော ကြက်ပေါင်စေး ကုမ္ပဏီတွင် ၀င်ရောက်လုပ်ကိုင်ရကြောင်း၊ ကျွန်ုပ်တို့၏ အလုပ်မှာ ကုမ္ပဏီအတွက် ကြက်ပေါင်စေးမခံဘဲ ထွက်ပြေး တိမ်းရှောင်နေသော တိုင်းရင်းသားတို့အား လိုက်လံရှာဖွေ၍ ဖမ်းဆီးရန်ဖြစ်ကြောင်း၊ တစ်နေ့သ၌ ကျွန်ုပ်တို့ ကုမ္ပဏီမှ လူတစ်စုသည် ထွက်ပြေးတိမ်းရှောင်နေသော တိုင်းရင်းသားတို့အား လိုက်လံရှာဖွေရင်း ရွာတစ်ရွာသို့ ရောက်သောအခါ တဲကလေးတစ်ခုတွင် မိသားတစ်စုတို့ကို တွေ့ကြောင်း၊ တွေ့သည့်အတိုင်း ၎င်းတို့အား ကြက်ပေါင်စေးလုပ်ငန်းတွင် ခိုင်းစေရန်အတွက် ဖမ်းဆီးမည်ကြံသောအခါ ရုတ်တရက်ထွက်ပြေးကြသောကြောင့် အိမ်ရှင်မိန်းမကြီးတစ်ယောက်တည်းကိုသာ ဖမ်းဆီးမိ

mgyoe.com

mgyoe.com


ကြောင်း၊ သို့နှင့် ၎င်းမိန်းမကြီးကို လက်ပြန်ကြိုးချည်၍ ခေါ်ယူလာခဲ့ရာ တိုင်းရင်းသားတို့မှာ သားမယားကို အလွန်ခင်မင်သည့်အတိုင်း လမ်းခရီးတွင် လင်ယောကျ်ား ဖြစ်သူက လာရောက်၍ အဖမ်းခံကြောင်း၊ သို့သော် သား ယောကျ်ား နှစ်ယောက်တို့ကမူ အဖမ်းခံမည် ပြုလုပ်ပြီး နောက်မှ ရုတ်တရက် ထွက်ပြေးပြန်သဖြင့် သေနတ်ဖြင့် ပစ်သတ်ရကြောင်း၊ ကျွန်ုပ်တို့မှာ မြို့သို့ရောက်အောင် သွားရမည့်လမ်းခရီးသည် အလွန်ရှည်ဝေးသည့်အတိုင်း ဖမ်းယူခဲ့သော တိုင်းရင်းသူမိန်းမကြီးမှာ မလိုက်နိုင်တော့ ဘဲ လဲနေသည်တွင် ကုမ္ပဏီ၏ကိုယ်စားလှယ်ကြီးက ထို မိန်းမကြီး၏ လည်ကိုဖြတ်၍သတ်ခဲ့ရန် အမိန့်ပေးကြောင်း။

အထက်ပါ စုံစမ်းစစ်ဆေးချက်များကို ရိုဂျာကိတ်စမင့်သည် မိမိ၏ အစီရင်ခံစာနှင့်အတူ အင်္ဂလန်နိုင်ငံခြားရေးဆိုင်ရာ အတွင်းဝန်ကြီး ဆာဒွေကဂရေးထံသို့ ပေးပို့လိုက်လေသည်။ ဆိုခဲ့သည့် စုံစမ်းစစ်ဆေး ခြင်း အလုပ်မှာ တောတောင်ထဲတွင် ငှက်ဖျားမကြောက်၊ သားရဲတိရစ္ဆာန် မကြောက်ဘဲ လှည့်လည်သွားလာ၍ လုပ်ကိုင်ရသော အလုပ်မျိုးဖြစ်ရ ကား သာမန်လူသားကို မဆိုထားဘိ အလွန်ဖွဲကောင်း၍ ကိုယ်လက် သန်မာသော ရိုဂျာကိတ်စမင့်ဆိုသူမှာပင် မချည့်ပင်ပန်းခြင်း ဖြစ်လေ သည်။ ရိုဂျာကိတ်စမင့်သည် ကော်မရှင်အဖွဲ့နှင့်အတူ သွားရောက်သော မြို့ရွာဒေသတို့၌ ကြက်ပေါင်စေး ကုမ္ပဏီကိုယ်စားလှယ် တချို့တို့မှာ တစ်ဦးလျှင် တိုင်းရင်းသူ သုံးယောက် လေးယောက်ထက် မနည်းယူ၍ အပျော်မယား ပြုလုပ်နေကြသည်ကို ကိုယ်တိုင်မျက်စိဖြင့် တွေ့မြင်ခဲ့ရ လေသည်။

mgyoe.com

mgyoe.com


ရှိဂျာကိတ်စမင့်သည် ဆိုခဲ့သည့်အတိုင်း ကော်မရှင်အဖွဲ့နှင့်အတူ စုံစမ်းစစ်ဆေးပြီးသည့်နောက် ဗာရာဆိပ်ကမ်းမြို့သို့ ၁၉၁၀ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်နေ့တွင် ပြန်လည်ရောက်ရှိလေသည်။ ထိုအခါ ဒီဇင်ဘာ ၁၇ ရက် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသွားမည့် စာပို့သင်္ဘောကြီး တစ်စင်းကို အဆင်သင့်တွေ့ကြုံလေရာ ထိုသင်္ဘောကြီးနှင့်ပင် လိုက်ပါသွားသည့်အတိုင်း ဒီဇင်ဘာလကုန်သည့်နေ့တွင် ရှာဘတ်မြို့သို့ ဆိုက်ရောက်လေ၏။ ထို့နောက် တနင်္ဂနွေတစ်ပတ်ခန့်အကြာတွင် ရှိဂျာကိတ်စမင့်သည် မိမိ၏အစီရင်ခံစာကို အင်္ဂလန်နိုင်ငံခြားရုံးသို့ တင်သွင်းလိုက်လေ၏။ ရှိဂျာကိတ်စမင့်သည် မိမိ၏အစီရင်ခံစာနှင့်အတူ နိုင်ငံခြားရေးဆိုင်ရာ အတွင်းဝန်ကြီး ဆာဒွေကဂရေးထံသို့ပေးရန် စာတစ်စောင်ကိုလည်း ပူးတွဲပေးပို့လိုက်ရာ ထိုစာတွင် ပီရူးပြည်မှ တည်ထောင်သော အမေဇုန် ကြက်ပေါင်စေးကုမ္ပဏီ၏ ကိုယ်စားလှယ်များစွာတို့အပေါ် တွေ့ရှိသော ပြစ်ချက်တို့မှာ လူသတ်မှုလည်းပါသောကြောင့် အလွန်အရေးကြီးကြောင်း စုံစမ်းစစ်ဆေး၍ ပေါ်ပေါက်သိရသလောက်မှာ အခြေအနေသည် များစွာဆိုးဝါးနေသဖြင့် အပြစ်ဒဏ်ပေးရန် သက်သေခံလုံလောက်သော ကုမ္ပဏီကိုယ်စားလှယ်တို့၏ အမည်များကို စာရင်းပြုလုပ်၍ ထည့်သွင်းလိုက်ကြောင်း စသဖြင့် ပါရှိလေသည်။

ဤကဲ့သို့ ရှိဂျာကိတ်စမင့်က တင်သွင်းလိုက်သော အစီရင်ခံစာသည် အင်္ဂလန်နိုင်ငံခြားရုံးသို့ ရောက်ရှိသွားလေရာ နောက်များမကြာမီ ထိုရုံးက တောင်အမေရိကတိုက် ပီရူးပြည်ရှိ ဗြိတိသျှသံအမတ်ကြီးအား ပီရူးပြည် အစိုးရထံသွားလျှင် ရှိဂျာကိတ်စမင့်၏ အစီရင်ခံချက်နှင့် ပတ်သက်၍ လျှို့ဝှက်စွာ ပြောကြားစေလိုကြောင်း၊ ထိုအစီရင်ခံချက်ကိုလည်း ပီရူးပြည် အစိုးရတို့အပေါ် ထိခိုက်မည်စိုးသဖြင့် ရုတ်တရက် ထုတ်ပြန်ကြေညာခြင်းမပြုဘဲ ဆိုင်းထားကြောင်း၊ ပီရူးပြည် အစိုးရတို့ကသာလျှင်

mgyoe.com

mgyoe.com


အပြစ်ဒဏ်ထိုက်သင့်သူတို့အပေါ် အဆောတလျင် အရေးယူစေလိုကြောင်း စသဖြင့် ကြေးနန်းရိုက်ကြား ပေးပို့လိုက်လေ၏။

ဗိရူးပြည်အစိုးရတို့မှာလည်း အင်္ဂလန်နိုင်ငံခြားရုံးမှ ရိုက်ကြားလိုက်သော ကြေးနန်းအရ ဆိုင်ရာ ကြက်ပေါင်စေးကုမ္ပဏီ၏ ကိုယ်စားလှယ်တို့အပေါ် တရားစွဲဆိုစစ်ဆေးရန် အထူးတရားသူကြီးရုံးတော်တစ်ရပ်ကို ဖွင့်လှစ်ခြင်းပြုရလေ၏။ အင်္ဂလန်နိုင်ငံခြားရုံးကလည်း ထိုကြက်ပေါင်စေးကုမ္ပဏီနှင့်ပတ်သက်၍ ရိုဂျာကိတ်စမင့်၏ အစီရင်ခံချက် မိတ္တူတစ်စောင်ကို အမေရိကန်နိုင်ငံအစိုးရတို့အား တစ်ဆင့် တိုင်ကြား ပြောဆိုစေရန် ဝါရှင်တန်မြို့တော်ရှိ ဗြိတိသျှသံအမတ်ကြီး မစ္စတာဘရိုက်ထံသို့ ပေးပို့ခြင်း ပြုလေ၏။

၁၉၁၁ ခုနှစ်၊ ဧပြီလသို့ ရောက်သောအခါ ဗိရူးပြည်အစိုးရတို့က ဆိုင်ရာကြက်ပေါင်စေးကုမ္ပဏီ၏ ကိုယ်စားလှယ်တို့အပေါ် အရေးယူ၍ အပြစ်ပေးစီရင်ပြီးကြောင်းနှင့် အင်္ဂလန်နိုင်ငံခြားရုံးသို့ ပေးပို့သောစာ ရောက်လာလေရာ၊ နိုင်ငံခြားရေးဆိုင်ရာ အတွင်းဝန်ကြီး ဆာဒွေကဲဂရေးက ထိုဗိရူးပြည်အစိုးရတို့ထံ စိတ်ကျေနပ်ကြောင်းနှင့် စာတစ်စောင် ပြန်ကြားလိုက်သည့်အပြင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ ရောက်ရှိနေသော ရိုဂျာကိတ်စမင့်ထံသို့လည်း ၎င်းအား အင်္ဂလန်နိုင်ငံအစိုးရတို့က ချီးမြှင့်ခြင်း သဘောဖြင့် ဆာဘွဲ့ကို ပေးကမ်းရန် ဂုဏ်ထူးဘွဲ့ထူးစာရင်းတွင် ထည့်သွင်းထား ပြီးကြောင်း စာတစ်စောင် ပေးပို့လိုက်လေ၏။

❒

mgyoe.com

mgyoe.com

အခန်း (၃)

## အိုင်ယာလန်ပြည်ဟုမ်းရူး

ရိုဂျာကိတ်စမင့်သည် မိမိ၏တိုင်းရင်း အိုင်ယာလန်ပြည်မှ ခြောက်နှစ်ခန့် ထွက်ခွာသွားနေသည့်အတွင်းတွင် ၎င်းအိုင်ယာလန်ပြည်မှာလည်း အကြီးအကျယ် ပြောင်းလဲလာခဲ့လေ၏။ အိုင်ယာလန်ပြည် နိုင်ငံရေးမှာ များစွာ ထကြွနိုးကြားလာသည့်အတိုင်း အိုင်ရစ်လူမျိုးမှန်လျှင် နိုင်ငံရေး၌သာလျှင် စိတ်ဝင်စားလျက် ရှိကြလေသည်။ ရိုဂျာကိတ်စမင့်မှာလည်း ပဋိသန္ဓေပါ ဝံသာနုစိတ်ဓာတ် ကြီးမားသည့်အတိုင်း မိမိ၏ တိုင်းရင်း အိုင်ယာလန်ပြည်တွင် နိုင်ငံရေး နိုးကြားထကြွနေသည့်အခါနှင့် ရင်ဆိုင်တွေ့ဆုံလျက် ရှိပြန်လေ၏။ ယခုအခါ ရိုဂျာကိတ်စမင့်သည် ဗြိတိသျှအစိုးရတို့၏ အမှုထမ်းဘဝမှလည်း အငြိမ်းစားရိက္ခာတော် ရယူပြီး ဖြစ်သောကြောင့် အိုင်ယာလန်ပြည် အင်တရင့်နယ်တွင် နေထိုင်ရန် ရောက်လာလျက်ရှိရကား အိုင်ယာလန် ဝံသာနုတို့မှာ အိုင်ယာလန်ပြည် ဟုမ်းရူးအုပ်ချုပ်ခွင့်အတွက် ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရလေ၏။

သို့ရာတွင် အိုင်ယာလန်ပြည်မြောက်ပိုင်း အား(လ်)စတားနယ်သားတို့ကမူ အင်္ဂလန်နိုင်ငံလက်အောက်၌ပင် စိတ်ကျေနပ်ကာ အိုင်ယာလန်ပြည်သို့ ဟုမ်းရူးအုပ်ချုပ်ခွင့် မပေးစေရန် စီမံကန့်ကွက်လျက်ရှိကြ

mgyoe.com

mgyoe.com


လေသည်။ အင်္ဂလန်နိုင်ငံ ပါလီမန်လွှတ်တော်မှာလည်း အိုင်ယာလန်ပြည် ဝံသာနုတို့တောင်းဆိုသော ဟုမ္မရူးအုပ်ချုပ်ခွင့်နှင့်ပတ်သက်၍ အရေးတကြီးဖြစ်နေသည်တွင် ထိုအား(လ်)စတားနယ်သားတို့သည် ဘဲလ်ဖတ်မြို့၌ ကောင်စီအဖွဲ့တစ်ခု ဖွဲ့စည်းပြီးလျှင် အိုင်ယာလန်ပြည် ဝံသာနုတို့နှင့် တစ်ဖက်တစ်လမ်း ဆန့်ကျင်ဘက်ပြုလုပ်လျက်ရှိကြရာ ထိုအား(လ်)စတားနယ်ခေါင်းဆောင် ဆိုသူမှာကား ဆာဒွေကက်ကာစင် ဆိုသူ ဖြစ်၏။

အား(လ်)စတားနယ်တွင် အိုင်ယာလန်ပြည်သို့ ဟုမ္မရူးအုပ်ချုပ်ခွင့် မပေးရန် ကန့်ကွက်သော အစည်းအဝေးများစွာတို့ကို ကျင်းပပြုလုပ်သော အခါ၊ အက်(ဖ)အီးမစ် (နောက် လော့ဒ်ဘာကင်ဟက်ဖြစ်လာသူ) ဆိုသူ လည်း တက်ရောက် ဟောပြောခြင်း ပြုလေသည်။ ၎င်း၏ ဟောပြော ချက်တစ်ရပ်တွင် အား(လ်)စတားနယ်သားတို့သည် အိုင်ယာလန်ပြည် ဝံသာနုတို့၏လက်အောက်သို့ မကျရောက်အောင် မည်သည့်နည်းဖြင့် မဆို ဆောင်ရွက်သမျှမှာ တရားရာရောက်ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက် ရာ၌လည်း မည်သည့်ဥပဒေကိုမျှ ကျူးလွန်ခြင်းမရှိကြောင်း စသဖြင့် ပါရှိ၏။ အား(လ်)စတားနယ်သားတို့သည် ဤကဲ့သို့ အိုင်ယာလန်ပြည် ဝံသာနုတို့နှင့် တစ်ဖက်တစ်လမ်း ပြုလုပ်ဆောင်ရွက်နေကြသည်ကို ထို အား(လ်)စတားနယ်တွင်နေထိုင်သူ အင်္ဂလိပ်လူမျိုးတို့က အတိုင်းထက် အလွန် နှစ်သက်သဘောကျလျက် ရှိကြလေ၏။

ဆိုခဲ့သည့်အတိုင်း အိုင်ယာလန်ပြည် အား(လ်)စတားနယ်၌ ဟုမ္မရူးအုပ်ချုပ်ခွင့်နှင့်ပတ်သက်၍ နှစ်ဦးနှစ်ဖက် ကွဲပြားလျက်ရှိကြရာ အာဖရိကတိုက်၌လည်းကောင်း၊ တောင်အမေရိကတိုက်၌လည်းကောင်း ညှဉ်းပန်းနှိပ်စက်ခြင်းခံရသော တိုင်းရင်းသားများအတွက် ခုခံဆောင်ရွက် ခဲ့သူ ဟူ၍ နာမည်ကျော်စောသူ ဆာရိုဂျာကိတ်စမင့်အား အိုင်ယာလန်

mgyoe.com

mgyoe.com


ဝံသာနုတို့က ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ရန် တိုက်တွန်း ပြောဆိုလာကြလေ၏။ ထိုအခါ ဆာရိုဂျာကိတ်စမင့်သည် မိမိ၏ ပင်ရင်း ဝံသာနုစိတ်ဓာတ်ခံအတိုင်း အား(လ်)စတားနယ်တွင် ဝံသာနု တရားကို လိုက်လံဟောပြောသောအခါ သဘောပေါက်နားလည်သူတို့ ရှိလာကြလေ၏။ ဆာရိုဂျာကိတ်စမင့်မှာ အာဖရိကတိုက်နှင့် တောင် အမေရိကတိုက်၌ လူရိုင်းများထဲတွင် ဗြိတိသျှအစိုးရ၏အမှုတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့သူဖြစ်သည်တစ်ကြောင်း၊ အိုင်ယာလန် ဝံသာနုတို့ တောင်းဆိုသော ဟုမ္မဟူးအုပ်ချုပ်ခွင့်မှာ အား(လ်)စတားနယ် နှင့်တကွ အိုင်ယာလန်တစ်ပြည်လုံး ကောင်းစားမည့် လမ်းမှန်ဖြစ်သည် တစ်ကြောင်း ဤအကြောင်းတို့ကြောင့် ဆာရိုဂျာကိတ်စမင့်က ဟောပြော ချက်တို့ကို မည်သူမျှ မပယ်မလှန်နိုင် ဖြစ်လာလေသည်။

သို့ရာတွင် မေဂျာကရောဖိုးဆိုသူ အား(လ်)စတားနယ်ခေါင်း ဆောင် တစ်ဦးကမူ မိမိတို့ အား(လ်)စတားနယ်ကို အိုင်ယာလန်ပြည်နှင့် ပေါင်းစပ်၍ ဟုမ္မရူးအုပ်ချုပ်ခွင့်ပေးမည်ဆိုလျှင် ဗြိတိသျှအစိုးရလက် အောက်မှ ဂျာမနီနိုင်ငံအစိုးရလက်အောက်သို့ ပြောင်းသွားရခြင်းက သာ၍ ကောင်းပေသေးမည့်အကြောင်းနှင့် ထုတ်ဖော်ပြောဆိုလေသည်။ ဤကဲ့သို့ အား(လ်)စတားနယ်၏ ခေါင်းဆောင်တစ်ယောက်ဆိုသူက ခေါင်းဆောင်၏တာဝန်ကို သတိမမူဘဲ ပြောချင်ရာပြောဆိုသော စကား မှာ ကြားနာသူတို့အပေါ် လေးနက်ခြင်းမရှိဘဲ ရယ်စရာစကားမျှသာ ဖြစ်လာလေ၏။ ထိုအတောအတွင်း ဥရောပတိုက်၊ မိုးကောင်းကင်တစ်ခု လုံး၌လည်း စစ်ရိပ်စစ်ငွေ့တို့နှင့် ရစ်သန်းလျက် ရှိလာလေ၏။ ၎င်းအပြင် အင်္ဂလန်နိုင်ငံ ပါလီမန်လွှတ်တော်တွင်လည်း လစ်ဘရယ်ဂိုဏ်းက အစိုးရ ဖွဲ့လျက် စီမံအုပ်ချုပ်လျက်ရှိရာ ထိုလစ်ဘရယ်ဂိုဏ်း အစိုးရအဖွဲ့ တည်တံ့ရေးမှာ အိုင်ယာလန်ပြည်မှ တင်မြှောက်ထားသူ ပါလီမန်လူကြီး

mgyoe.com

mgyoe.com


တစ်စုတို့အပေါ် အခြေပြုလျက်ရှိရကား အိုင်ယာလန်ပြည် ဟုမ်းရူးအုပ်ချုပ်ရေး ဥပဒေကြမ်းကို တင်သွင်းပြဋ္ဌာန်းရမည်၊ မပြဋ္ဌာန်းရမည်ကို မဝေခွဲနိုင်အောင် ဖြစ်နေလေ၏။

ထို့ထက် အထက်ပါလီမန်လွှတ်တော်က အိုင်ယာလန်ပြည်သို့ ဟုမ်းရူးအုပ်ချုပ်ခွင့် မပေးစေလိုသော သဘောဆန္ဒကို ပြလျက်ရှိပြန်ရကား။ အောက်ပါလီမန်လွှတ်တော်မှာ အခက်အခဲတွေ့နေပြန်၏။ ၎င်းပြင် အား(လ်)စတားနယ်ကလည်း အိုင်ယာလန်ပြည်သို့ ဟုမ်းရူးအုပ်ချုပ်ခွင့်မပေးရန် အပွင့်အလင်း ပြုလုပ်ပြောဆိုလာကြရုံမျှသာကမ ၁၉၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပဋိညာဉ်ခံ စာချုပ်တစ်ခုကို ပြုလုပ်၍ လက်မှတ်ရေးထိုးလာကြလေသည်။ ထိုပဋိညာဉ်ခံစာချုပ်တွင် ပါရှိသောအချက်တို့မှာ အား(လ်)စတားနယ်ကို အိုင်ယာလန်ပြည်နှင့် ပေါင်းစပ်၍ ဟုမ်းရူးအုပ်ချုပ်ခွင့်ပေးမည်ဆိုလျှင် အား(လ်)စတားနယ်သားတို့၏ အကျိုးစီးပွားကိုသာ ဆုံးရှုံးနစ်နာစေရုံမျှမက ဘာသာရေးကိုပါ ထိခိုက်နစ်နာစေမည်ဖြစ်သောကြောင့် အင်္ဂလန်နိုင်ငံ ပဋ္ဌမမြောက် ဂျော့ဘုရင်၏ ကျေးဇူးသစ္စာတော်ကို မိဘ၊ ဘိုးဘွား အစဉ်အဆက်က စ၍ ရှိသေစောင့်သိလာခဲ့ကြသူ၊ အား(လ်)စတားနယ်သားတို့မှာ ဤကဲ့သို့ ထိခိုက်နစ်နာလာမည့် အခြေကို မခံမရပ်နိုင်ဖြစ်သည့်အတိုင်း မိမိတို့၏ အကျိုး၊ သားမယား၊ အိုးအိမ်များ၏ အကျိုးငှာ၊ အသက်နှင့် စည်းစိမ်ကို စွန့်လွှတ်လျက် ခုခံကန့်ကွက်ကြရမည်ဖြစ်ကြောင်း ဤကဲ့သို့ ဗြိတိသျှအစိုးရတို့ကို ခုခံကန့်ကွက်ရန် အားလုံးသဘောတူညီစွာနှင့် ထာဝရဘုရားသခင်၏ရှေ့မှောက်တွင် ကျမ်းသစ္စာဆိုကြပါကြောင်း စသည်တို့ဖြစ်၏။

ယခုအခါ အိုင်ယာလန်ပြည်အတွက် ဟုမ်းရူးအုပ်ချုပ်ခွင့်နှင့် ပတ်သက်၍ အား(လ်)စတားနယ်က အပြင်းအထန် ကန့်ကွက်ပြောဆိုလျက်ရှိသည့်အပြင် အကယ်၍ အင်္ဂလန်နိုင်ငံပါလီမန်က အိုင်ယာလန်ပြည်

mgyoe.com

mgyoe.com


ဟုမ္မရူးအုပ်ချုပ်ရေး ဥပဒေကြမ်းကို စီမံပြဋ္ဌာန်းလာမည် ဆိုခဲ့သော်၊ အစိုးရစစ်တပ်များတွင် တော်လှန်ပုန်ကန်ခြင်း ပြုလာစေရန် လှုံ့ဆော်စီမံလျက် ရှိကြလေ၏။ ဆာဒွေကာစင်ဆိုသူကလည်း လန်ဒန်မြို့တော်ပေါ်၌ ကျင်းပသော အစည်းအဝေးတစ်ခုတွင် ဤအင်္ဂလန်နိုင်ငံက ကျွန်ုပ်တို့ အိုင်ယာလန်ပြည်သားအချင်းချင်း တစ်ဦးကိုတစ်ဦး နှိပ်စက်ညှဉ်းပန်းနိုင်အောင် အခွင့်ပေးလိုက်မည်ဆိုလျှင် အစိုးရစစ်တပ်များမှာ မည်ကဲ့သို့ ထိခိုက်တုန်လှုပ်သွားမည်ကို မပြောလိုကြောင်း စစ်ဗိုလ်များစွာတို့သည် ရာထူးမှ နုတ်ထွက်ကြမည်ဖြစ်၍ အစိုးရစစ်တပ်များမှာ မည်သည့်နည်းဖြင့် တည်မြဲနေနိုင်ပါတော့မည်နည်းဟူ၍ အတိအလင်း ထုတ်ဖော်ပြောဆိုလေသည်။

ဆိုခဲ့သည့်အတိုင်း အား(လ်)စတားနယ်က အပြင်းအထန် ပြောဆိုကန့်ကွက်လျက်ရှိသော်ငြားလည်း အင်္ဂလန်နိုင်ငံပါလီမန်လွှတ်တော်မှာ စစ်ရိပ်စစ်ငွေ့များနှင့် ရစ်သန်းလာသော ဥရောပတိုက်အခြေအနေကို ကြည့်ရှုပြီးလျှင် အမြင်ကျယ်စွာနှင့် အိုင်ယာလန်ပြည် ဝံသာနုတို့၏ ကျေနပ်ကြောင်း အရင်းခံပတ္တနထားကာ အိုင်ယာလန်ပြည်အတွက် ဟုမ္မရူးအုပ်ချုပ်ခွင့် ဥပဒေကြမ်းကို နောက်ဆုံး တတိယအကြိမ် တင်သွင်းပြဋ္ဌာန်းလိုက်ပြီးနောက် အထက်ပါလီမန်လွှတ်တော်သို့ ထုံးစံအတိုင်း တင်ပို့လိုက်ပြန်လေ၏။

သို့သော်လည်း ထိုဥပဒေကြမ်းကို အထက်ပါလီမန်လွှတ်တော်က ပယ်ချလိုက်ပြန်လေရာ အောက်ပါလီမန်လွှတ်တော်မှာ နောက်ထပ် တင်သွင်းပြဋ္ဌာန်းနိုင်ရန် နှစ်နှစ်ခန့်ကြာ ရှိဦးမည်ဖြစ်နေလေ၏။ အကယ်၍ အောက်ပါလီမန်လွှတ်တော်က နှစ်နှစ်ကြာအောင် တင်သွင်းပြဋ္ဌာန်းပြီးသည့်နောက် ထိုဥပဒေကြမ်းကို အထက်ပါလီမန်လွှတ်တော်သို့ ဒုတိယတစ်ကြိမ် ပေးပို့လိုက်မည်ဆိုလျှင် အထက်ပါလီမန်လွှတ်တော်မှာ

mgyoe.com

mgyoe.com


ဥပဒေထုံးနည်းအတိုင်း ပယ်ချနိုင်ရန် အခွင့်အာဏာ မရှိတော့ပြီဖြစ်၏။ ဤကဲ့သို့ အိုင်ယာလန်ပြည် ဟုမ္မရူးအုပ်ချုပ်ရေး ဥပဒေကြမ်းနှင့် ပတ်သက်၍ ဖြစ်ပျက်လာသည်တွင် ဆာရိုဂျာကိတ်စမင့်မှာ ထိုဥပဒေကြမ်းသည် ဥရောပတိုက်၌ စစ်မက်ဖြစ်ပွားလာသည့်နောက်မှ အင်္ဂလန်နိုင်ငံအထက် အောက်ပါလီမန်လွှတ်တော်နှစ်ရပ်တွင် ပြဋ္ဌာန်း အတည်ဖြစ်လာနိုင်တော့မည်ကို သိမြင်လေသည်။

ထိုအခါ ဆာရိုဂျာကိတ်စမင့်မှာ ရှေ့ရေးနောက်ရေး တွေးတောမိသည့်အတိုင်း အင်္ဂလန်နိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မလွဲမရှောင်သာ စစ်မက်ဖြစ်ပွားလာတော့မည်ဖြစ်ရာ အိုင်ယာလန်ပြည် ဝံသာနုတို့မှာ မိမိတို့၏ တိုင်းပြည်နှင့်အမျိုးသားအတွက် အပြီးအပိုင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အခွင့်လမ်းကြီး ပေါ်ပေါက်လာတော့မည့်အကြောင်းကို အိုင်ယာလန် လွတ်လပ်ရေး သတင်းစာတစ်စောင်တွင် ရေးသားထည့်သွင်းခြင်း ပြုလေ၏။ ထိုသို့ သတင်းစာထဲတွင် ရေးသားထည့်သွင်းသည့်အပြင် ဆာရိုဂျာကိတ်စမင့်သည် မိမိ၏မိတ်ဆွေများနှင့်တွေ့ရှိသည့်အခါတိုင်း၌လည်း ဥရောပတိုက်၏ စစ်မက်အခြေအနေ အိုင်ယာလန်ပြည်၏ အခွင့်အလမ်း စသည်တို့ကိုသာလျှင် အမြဲမပြတ်ဆွေးနွေးပြောဆိုနေခဲ့လေ၏။

၎င်းပြင် အိုင်ယာလန်ပြည်အတွက် ဟုမ္မရူးအုပ်ချုပ်ရေး ဥပဒေကြမ်းမှာ အင်္ဂလန်နိုင်ငံပါလီမန်လွှတ်တော်ထဲ၌ပင် ကိစ္စဆုံး တုံးနေပြီဖြစ်၍ အိုင်ယာလန်ပြည် ဝံသာနုတို့မှာ ဥရောပတိုက်၌ ဖြစ်ပွားလာမည့် စစ်မက်တွင် မည်သို့ပြုလုပ်ရမည်ကိုသာ ဆုံးဖြတ်ရန် ရှိတော့သည်ဟု အောက်မေ့မိလေ၏။ အိုင်ယာလန်ပြည် ဝံသာနုတို့အထဲတွင်လည်း အင်္ဂလန်နိုင်ငံ၏အခက်အခဲသည် အိုင်ယာလန်ပြည်၏ အခွင့်အရေးကြီးဖြစ်သည်ဆိုသော ဝှာန်မစ်ချဲဆိုသူ၏ စကားပုံကလေးကို များစွာ သုံးစွဲ

mgyoe.com

mgyoe.com


ပြောဆိုလျက် ရှိကြလေသည်။ ဆာရိဂျာကိတ်စမင့်သည် အိုင်ယာလန်ပြည် ဟုမ္မရူးအုပ်ချုပ်ခွင့်အတွက် စိတ်ပျက်လျက်ရှိစဉ် ဒဗ္ဗလင်မြို့တော်ပေါ်တွင် ၎င်းနှင့် သဘောချင်းတိုက်ဆိုင်သူတို့အနက် သောမတ်(စ်)မက္ကဒေါနယ် ဆိုသူနှင့် ဂျိုဇက်ပလန်းကက်ဆိုသူ နှစ်ဦးတို့က ၎င်းတို့ တည်ထောင်ထားသော အိုင်ရစ်ရီဗျူးမဂ္ဂဇင်းတွင် ပါဝင်ရေးသားရန် တိုက်တွန်းနှိုးဆော်သည့်အတိုင်း အိုင်ယာလန်ပြည်၏ အနာဂတ်နိုင်ငံရေးအကြောင်းကို မိမိ၏သဘောတွင် ထင်မြင်သလောက် အတိအလင်း ထုတ်ဖော်ရေးသားလာလေ၏။

ရိဂျာကိတ်စမင့်သည် ဆိုခဲ့သော မဂ္ဂဇင်းတွင် အိုင်ယာလန်ဂျာမနီနှင့် ကမ္ဘာစစ်ကြီးဟူ၍ ခေါင်းစဉ်တပ်လျက်။ မိမိ၏ထင်မြင်ချက်တို့ကို အမည်ဝှက်နှင့် ရံဖန်ရံခါ ရေးသားထည့်သွင်းလာခဲ့လေသည်။ ဤကဲ့သို့ ဆာရိဂျာကိတ်စမင့်သည် သတင်းစာများတွင် ထည့်သွင်းရေးသားလျက်ရှိစဉ် ရှားလော့ဟုမ်းဆိုသော စုံထောက်ဝတ္ထုကြီးကို ရေးသား၍ နာမည်ရသော ဆာအာသာကနင်ဒွိုင်းဆိုသူက အင်္ဂလိပ်သတင်းစာ တစ်စောင်တွင် ထည့်သွင်းရေးသားချက် တစ်ခုပါရှိလာလေရာ များစွာ မခံချင်စိတ်ဖြစ်ပေါ်လာလေ၏။ ဆာအာသာကနင်ဒွိုင်းဆိုသူ၏ ရေးသားချက်မှာ "နိုင်ငံရေးသဘော အမျိုးမျိုးရှိကြသူ၊ ကျွန်ုပ်၏ အိုင်ယာလန်တိုင်းသားတို့အား စကားကလေးတစ်လုံးလောက် သတိပေးပြောဆိုလိုကြောင်း အိုင်ယာလန်တိုင်းသားတို့သည် မိမိတို့၏ နိုင်ငံရေးအခြေကိုသော်လည်းကောင်း၊ စီးပွားရေးအခြေကိုသော်လည်းကောင်း၊ ကြည့်ရှုလျက်၊ အင်္ဂလန်နိုင်ငံ ပျက်စီးခဲ့သော် မိမိတို့ အိုင်ယာလန်ပြည်ကလည်း ရပ်ခံနိုင်လိမ့်မည်ဟု ထင်မြင်အောက်မေ့သမျှမှာ အမှားကြီးပင်ဖြစ်ကြောင်း ဗြိတိသျှအစိုးရတို့၏ ရေတပ်ကြီးသည် အိုင်ယာလန်ပြည် တိုင်းရင်းသားတို့၏ မှီခိုအားထားရာကြီးတစ်ခုတည်းပင်ဖြစ်ကြောင်း၊ အကယ်၍ ထိုရေတပ်ကြီး

mgyoe.com

mgyoe.com


နိမ့်ပါးပျက်စီးသည်ဆိုလျှင် အိုင်ယာလန်ပြည်မှာ အဆုံးစွန်သောဘဝသို့ ကျရောက်ရမည်မှာ မလွဲရာဖြစ်ကြောင်း၊ သို့ဖြစ်၍ အိုင်ယာလန်တိုင်းသားတို့သည် အင်္ဂလန်နိုင်ငံနှင့် သေအတူရှင်အတူ ပူးပေါင်း၍သာလျှင် အားကြိုးမာန်တက် ဆောင်ရွက်သင့်ကြောင်း၊ အင်္ဂလန်နိုင်ငံသို့ အခြားရန်သူတစ်ဦးတစ်ယောက်က ထိုးစိုက်လိုက်သောဓားသွားသည် နောက်ကျောမှနေသော အိုင်ယာလန်ပြည်ကိုလည်း ထိုးဖောက်လိမ့်မည် ဖြစ်ကြောင်း" စသည်တို့ ဖြစ်လေသည်။

ဤကဲ့သို့ ဆာအာသာကနင်ဒွိုင်းက သတင်းစာတွင် ရေးသားဖော်ပြချက်ကို ဆာရိုဂျာကိတ်စမင့် တွေ့မြင်ဖတ်ရှုရသောအခါ များစွာ အံ့သြခြင်း ဖြစ်မိလေသည်။ သို့ရာတွင် ဆာရိုဂျာကိတ်စမင့်မှာ ထိုရေးသားချက်ကို မိမိ၏နာမည်ရင်းနှင့် မဟုတ်ဘဲ အမည်ဝှက်ဖြင့်သာလျှင် အိုင်ရစ်ရီဗျူးမဂ္ဂဇင်းတွင် ပြန်လည်ချေပသော သဘောဖြင့် အပတ်စဉ် ထည့်သွင်းရေးသားခဲ့လေရာ သတင်းစာဖတ်ရှုသူတို့မှာ များစွာ နှစ်သက်သဘောကျသည့်အတိုင်း ထိုရေးသူအား မည်သူမည်ဝါ ဖြစ်သည်ကို သိလိုဇောနှင့် မေးမြန်းလာကြလေ၏။ ထိုအတောအတွင်းတွင် အား(လ်)စတားနယ်ရှိ ဗြိတိသျှအစိုးရတို့ကို လိုလားသူတို့ကလည်း လှုပ်လှုပ်ရှားရှား ဖြစ်လာကာ အိုင်ယာလန်ပြည်သို့ ဟုမ္မရူးအုပ်ချုပ်ခွင့် မပေးစေရန် အပြင်းအထန် ကန့်ကွက်ပြောဆိုနေကြလေ၏။

အား(လ်)စတားနယ်တွင် အင်္ဂလိပ်လူမျိုးများစွာတို့ ရှိကြသည့်အပြင် ၎င်းအင်္ဂလိပ်လူမျိုးတို့နှင့် စီးပွားဖက်ဖြစ်သူ အိုင်ယာလန်လူမျိုးများလည်းရှိကြရာ ၎င်းတို့၏သဘောမှာ အိုင်ယာလန် ဝံသာနုတို့ တောင်းဆိုသည့်အတိုင်း အိုင်ယာလန်ပြည်သို့ ဟုမ္မရူးအုပ်ချုပ်ခွင့် ပေးအပ်မည်ဆိုလျှင် ၎င်းတို့မှာ အကြီးအကျယ် ထိခိုက်နစ်နာလာလိမ့်မည်ဟု ထင်မှတ်လျက် ရှိကြ၏။ ထို့ထက် ၎င်းတို့သည် အိုင်ယာလန် ဝံသာနုတို့၏

mgyoe.com

mgyoe.com


လက်အောက်သို့ ကျရောက်ရမည်ကို အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့ခြင်း ဖြစ်ကြ၏။ သို့ဖြစ်ခြင်းကြောင့်လည်း ၎င်းတို့သည် အိုင်ယာလန်ဝံသာနုတို့နှင့် တစ်ဖက်တစ်လမ်း ပြုလုပ်ကာ ဗြိတိသျှအစိုးရတို့အပေါ် မှီခိုအားထားနေခြင်း ဖြစ်လေသည်။

ဆိုခဲ့သည့်အတိုင်း အား(လ်)စတားနယ်ရှိ အိုင်ရစ်လူမျိုးများစွာတို့သည် တိုင်းပြည်၏အကျိုးထက် ၎င်းတို့၏ ကိုယ်ကျိုးကလေးကိုသာ ငဲ့ကွက်ကြည့်ရှုနေကြသည်တွင် ဆာရိဂျာကိတ်စမင့်မှာ မိမိ၏ တိုင်းရင်းသား အိုင်ရစ်လူမျိုးများ ဖြစ်နေကြပုံကို ဝမ်းနည်း၍မဆုံးအောင် ရှိလေ၏။ အမှန်မှာ ဆာရိဂျာကိတ်စမင့်သည် ဗြိတိသျှအစိုးရတို့၏ ချီးမြှင့်မြှောက်စားခြင်းကို အခံရဆုံးလူတစ်ယောက်ဖြစ်သည့်အပြင် ဗြိတိသျှအစိုးရနှင့်အတူ ပူးပေါင်း၍လည်း အကျိုးကျေးဇူးအထူး ခံစားနိုင်ဆုံးဖြစ်ရကား ထိုအား(လ်)စတားနယ်သား အိုင်ရစ်လူမျိုးထက် ကိုယ်ကျိုးကို ငဲ့ကွက်မည်ဆိုလျှင် ဆထက်ထမ်းပိုး တိုး၍ ငဲ့ကွက်နိုင်လေသည်။ သို့ရာတွင် ဆာရိဂျာကိတ်စမင့်မှာ မိမိ၏ကိုယ်ကျိုးကိုယ်စီးပွားထက် အိုင်ယာလန်ပြည်၏ အကျိုးကိုလည်းကောင်း၊ အိုင်ရစ်အမျိုးသားတို့၏ အကျိုးကိုလည်းကောင်း၊ မျှော်ကိုးသူဖြစ်ရကား အိုင်ယာလန်ပြည်သို့ ပြန်ရောက်၍ မကြာမီအတွင်း၌ပင် နိုင်ငံရေးသမားတစ်ယောက် ဖြစ်လာလေသည်။

တစ်နေ့သောအခါ အား(လ်)စတားနယ် ဘော်လီမန်းနီးမြို့၌ ဆာဒွေကက်ကာစင်အမှူးရှိသော လူတစ်စုတို့သည် အစည်းအဝေးများ ကျင်းပကာ ဗြိတိသျှအစိုးရကောင်းကြောင်း၊ ဗြိတိသျှအစိုးရလက်အောက်၌ ချမ်းသာကြောင်း အိုင်ယာလန်ပြည်သို့ ဟုမ်းရူးအုပ်ချုပ်ခွင့်ပေးလျှင် နစ်နာရမည့်အကြောင်း စသည်တို့ကို ဟောပြောခြင်းပြုကြလေရာ အိုင်ယာလန်မျိုးချစ်ဝံသာနုတို့ကလည်း စင်ပြိုင်အစည်းအဝေးတစ်ခု ကျင်းပသည်တွင် ဆာရိဂျာကိတ်စမင့်သည် ဝင်ရောက်ဟောပြောခြင်း

mgyoe.com

mgyoe.com


ပြုလေ၏။ ထိုသို့ အစည်းအဝေးသို့ တက်ရောက်ပြောဆိုခြင်းမှာ လက်ဦး ပထမအကြိမ် ဖြစ်လေသည်။ ထိုနေ့ ထိုရက်ကစ၍လည်း ဆာရိုဂျာကိတ် စမင့်သည် အိုင်ယာလန်ပြည် ဝံသာနုတို့ဘက်မှ အတိအလင်း နိုင်ငံရေး ခေါင်းဆောင်တစ်ယောက် ဖြစ်လာခဲ့၏။

ထို့နောက် မကြာမီ ဂျွန်ရတ်(ဒ်)မန်းဆိုသူ၏ လှုံ့ဆော်ချက်ဖြင့် အား(လ်)စတားနယ်တွင် လက်နက်ကိုင်ရဲတပ်များ ဖွဲ့စည်းလာပြီးသော် အိုင်ယာလန်ပြည်သို့ ဟုမ္မရူးအုပ်ချုပ်ခွင့် မပေးနိုင်အောင် အပြင်းအထန် ပြုလုပ်ရန် ကြံစည်ကြိုးစားလာကြပြန်လေ၏။ ဤသို့ အားလ်စတားနယ် တွင် လက်နက်စွဲကိုင်သော ရဲတပ်များ ဖွဲ့စည်းလာသည်ကို အင်္ဂလိပ် အစိုးရတို့ကလည်း လျစ်လျူရှု၍ နေကြ၏။ ထိုအခါ အား(လ်)စတား နယ်ရှိ အိုင်ယာလန် မျိုးချစ်ဝံသာနုတစ်စုတို့မှာ မခံမရပ်နိုင်အောင် ဖြစ်လာ ကြသဖြင့် တောင်ပိုင်းအိုင်ယာလန်ပြည်ရှိ မျိုးချစ်ဝံသာနုတို့ထံ တိုင်ကြား ပြောဆိုလေရာ ၁၉၁၃ ခုနှစ် ဇူလိုင်လထဲတွင် ဒဗ္ဗလင်မြို့တော်ပေါ်၌ မျိုးချစ်ဝံသာနုတို့သည် အစည်းအဝေးကြီးတစ်ခု ကျင်းပပြုလုပ်ကြလေ ၏။ ထိုအစည်းအဝေးတွင် မိမိတို့ တောင်ပိုင်းအိုင်ယာလန်ပြည်၌လည်း လက်နက်ကိုင်ရဲတပ်များ ဖွဲ့စည်းတည်ထောင်ကြရန် တိုင်ပင်ဆွေးနွေး ခြင်း ပြုလေသည်။

ထို့နောက် အောက်တိုဘာလသို့ ရောက်သောအခါ ဆင်ဖိန်း ဂိုဏ်းသားတစ်စုတို့သည် မူလကပင် လက်နက်ကိုင် ရဲတပ်ဖွဲ့စည်းရန် အကြံအစည်ရှိခဲ့သည့်အတိုင်း ၎င်းလက်နက်ကိုင်ရဲတပ်များ ဖွဲ့စည်းရန် လှုံ့ဆော် ဟောပြောလာကြလေ၏။ အောက်တိုဘာလသို့ ရောက်သော အခါ ဒဗ္ဗလင်မြို့တော်ပေါ်တွင် ဆင်ဖိန်းဂိုဏ်းဝင် တက်လူကလေးအများ ပါဝင်သော ကော်မတီအဖွဲ့တစ်ခုကိုဖွဲ့စည်းပြီးလျှင် အီဝင်မက္ကနီး ဆိုသူ အား ရဲတပ်သားစုဆောင်းရန် လွှဲအပ်လေ၏။ အီဝင်မက္ကနီး ဆိုသူမှာ

mgyoe.com

mgyoe.com


လည်း ဝံသာနုစိတ်ဓာတ် ကြီးမားသည့်အပြင် အသိမိတ်ဆွေ ပေါများသူ ဖြစ်သည့်အတိုင်း ပရိုဖက်ဆာ တီအမ်ကက်တယ်(လ်)ဆိုသူ အား ဝံသာနု ရဲတပ် ဖွဲ့စည်းရေးတွင် ပါဝင်အောင် ဆွဲဆောင်ခဲ့လေသည်။ ပရိုဖက်ဆာ တီ–အမ်–ကက်တယ်(လ်)ဆိုသူသည် သာမန်လူစားမဟုတ်ဘဲ အင်္ဂလန် နိုင်ငံ ပါလီမန်လွှတ်တော်သို့ ပါလီမန်လူကြီးတစ်ဦးအဖြစ်ဖြင့် တက်ရောက် ပြီးလျှင် အိုင်ယာလန်ပြည်အတွက် အလွန် ဆူပူပြောဆိုခဲ့သူ ဖြစ်၏။

ငင်းအပြင် ပရိုဖက်ဆာ တီအမ်ကက်တယ်(လ်)ဆိုသူ၏ ညီတော် သော ဒဗ္ဗလင်မြို့ အင်ဂျင်နီယာအဖွဲ့ဝင် လော်ရင့်ကက်တယ်(လ်)ဆိုသူကို လည်း ဝံသာနုရဲတပ် ဖွဲ့စည်းရေးတွင် တွဲဖက်အကျိုးဆောင်အဖြစ်ဖြင့် ထည့်သွင်းခြင်း ပြု၏။အီဝင်မက္ကနီး ဆိုသူသည် မိမိ၏ ဝံသာနုရဲတပ် ဖွဲ့စည်းရေးအတွက် အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်လာသည် တွင် ကာနယ်မောရစ်မိုးဆိုသူ စစ်ဗိုလ်တစ်ဦးကိုလည်း ဝံသာနုရဲအဖွဲ့တွင် မပါပါအောင် ဆွဲသွင်းခဲ့လေသည်။ ကာနယ် မောရစ်မိုးဆိုသူမှာ တောင် အာဖရိကတိုက် ဘိုးဝါစစ်တွင် ဗြိတိသျှအစိုးရတို့ဘက်မှ သက်စွန့် ကြိုးပမ်း အမှုတော်ထမ်းခဲ့ပြီးသည့်နောက် စစ်တပ်မှ အငြိမ်းစားခွင့်ခံယူ လာခဲ့သူ ဖြစ်၏။ သို့ဖြစ်၍ ကာနယ်မောရစ်မိုး ဆိုသူသည် စစ်ဘက် ဆိုင်ရာ အရည်အချင်းနှင့် ပြည့်စုံသည့်အတိုင်း အိုင်ယာလန်ပြည် ဝံသာနု ရဲတပ်ကြီးတွင် ဗိုလ်မှူးကြီး ဖြစ်လာလေသည်။

ဆိုခဲ့သော ကာနယ်မောရစ်မိုးဆိုသူကဲ့သို့ပင် အရည်အချင်းနှင့် ပြည့်စုံသော ဆာရိုဂျာကိတ်စမင့် ဆိုသူသည်လည်း ထိုဝံသာနုရဲတပ်ကြီး တွင် သေနတ်ခဲယမ်း၊ မီးကျောက်မှစ၍ ပေးသွင်းရန် ရန်ပုံငွေအတွက် ငွေထိန်းလူကြီးတစ်ဦး ဖြစ်လာ၍ ဤကဲ့သို့ အရည်အချင်းနှင့် ပြည့်စုံ သော လူကြီးများ ပါဝင်သည့် ဝံသာနုရဲတပ်ကြီးသည် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ဒဗ္ဗလင်မြို့တော်ပေါ်၌ ရဲတပ်သားစုဆောင်းရေး အစည်း

mgyoe.com

mgyoe.com


အဝေးကြီးတစ်ခုကို ခေါ်ဆိုကျင်းပလေရာ၊ ထောင်ပေါင်းများစွာသော သူတို့ တက်ရောက်ကြသည့်အတိုင်း အစည်းအဝေးပြီးသည်နှင့် တစ်ပြိုင်နက် ရဲတပ်သားလေးထောင်ခန့် စုဆောင်းမိလေ၏။ ထို့နောက် ၎င်း ရဲတပ်သားများကို စစ်ရေးစစ်ရာတွင် ကျွမ်းကျင်နားလည်စေရန် အချိန်မှန်မှန် လေ့ကျင့်သင်ကြားပေးလေ၏။

ဒဗ္ဗလင်မြို့တော်ပေါ်တွင် ဝံသာနုရဲတပ်ဖွဲ့စည်းရေးနှင့် ပတ်သက်၍ လူအများ လှုပ်လှုပ်ရှားရှား ဖြစ်လာသည့်အပြင် အခြားမြို့ရွာ များစွာတို့၌လည်း လှိုင်းဂယက်ထသကဲ့သို့ ဖြစ်လာသဖြင့် ဝံသာနု ရဲတပ်များမှာ အနှံ့အပြား ပေါ်ပေါက်လာလေ၏။ ဒဗ္ဗလင်မြို့ပေါ်ရှိ ဝံသာနုရဲတပ်ကြီးက သေနတ် ခဲယမ်းမီးကျောက်များကို နိုင်ငံခြားမှ အမြောက်အမြား တိတ်တဆိတ်သွင်းယူခြင်းသတင်းကို ကြားလာရပြန်သဖြင့် တိုး၍ စိုးရိမ်မကင်းဖွယ်ရာ ဖြစ်လာလေသည့်အတိုင်း နိုင်ငံခြားများမှ သေနတ် ခဲယမ်းမီးကျောက်များကို သွင်းယူခြင်းမရှိစေရဟု ကျပ်တည်းစွာ ပိတ်ပင်တားမြစ်သော အမိန့်စာတစ်စောင်သည် အဆောတလျင် ထွက်ပေါ်လာလေ၏။

ဤကဲ့သို့ အိုင်ယာလန်ပြည်တွင် အခြေအနေဖြစ်ပေါ်လာခဲ့ရာ အင်္ဂလန်နိုင်ငံ ကက်ဘိနက်မှူးမတ်အဖွဲ့မှာလည်း ဝင်ရောက်စွက်ဖက်မှ သာလျှင် သင့်တော်တော့မည်ဟု သဘောရလာလေ၏။ ထို့ထက် အိုင်ယာလန်တစ်ပြည်တည်းတွင် မြောက်ပိုင်း အား(လ်) စတားနယ်က တစ်မျိုး၊ တောင်ပိုင်း အိုင်ယာလန်ပြည်က တစ်ဖုံ၊ လက်နက်ကိုင်ရဲတပ်တို့နှင့် သူ့ထက်ငါ ယှဉ်ပြိုင်ပြုလုပ်လာကြသဖြင့် အတွင်းမီး ဖြစ်ပွားလာမည်ကိုပင် စိုးရိမ်လာရလေ၏။ သဘော်ာကုမ္ပဏီတချို့တို့ကလည်း အိုင်ယာလန်ပြည်၌ ဖြစ်ပျက်လာသော အခြေအနေကြောင့် သင်္ဘော အသွားအလာ အဝင်အထွက်ကို လျှော့ပေါ့သတ်မှတ်လိုက်ပြန်သည်တွင် ရောင်းဝယ်ရေးမှာ များစွာထိခိုက်လာလေသည်။

mgyoe.com

mgyoe.com


## အမေရိကန်သို့ ထွက်သွားခြင်း

အိုင်ယာလန်ပြည်တွင် အင်္ဂလိပ်သင်္ဘောကုမ္ပဏီ တချို့တို့၏ ပြုလုပ်ပုံကြောင့် အရောင်းအဝယ် ဆုတ်ယုတ်လာသည်ကို အိုင်ရစ်လူမျိုးတို့မှာ မခံမရပ်နိုင်အောင် ဖြစ်လာကြသောကြောင့် အစည်းအဝေးများ ကျင်းပဆွေးနွေးကြလေရာ ဆာရိဂျာကိတ်စမင့်ဆိုသူက ဂျာမနီနိုင်ငံနှင့် အမေရိကန်နိုင်ငံသွား သင်္ဘောတို့ကို အိုင်ယာလန်ပြည် ကွင်းစတောင်း ဆိပ်ကမ်းမြို့သို့ ဝင်ရောက်စေရန် စီမံဆောင်ရွက်မည်ဟု ဝန်ခံကတိပြုလေ၏။ ဆာရိဂျာကိတ်စမင့်မှာ ဂျာမနီနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့တွင် အသိမိတ်ဆွေ လူကြီးလူကောင်းများရှိသဖြင့် ၎င်းတို့၏ ကူညီချက်ဖြင့် မိမိကြိုးစားသည့်အတိုင်း အောင်မြင်မည်ဟု ယုံကြည်စိတ်ချလေသည်။

၎င်းပြင် ဆာရိဂျာကိတ်စမင့်၏ စိတ်တွင် ဥရောပတိုက်၌ မကြာမီ အတွင်း စစ်ကြီးဖြစ်လာမည်ကိုလည်း တွေးထင်မြော်မြင်လျက် ရှိလေ၏။ သို့တွေးထင်သည့်အတိုင်းလည်း စစ်ကြီးဖြစ်ပွားခဲ့သော် အိုင်ယာလန် ပြည်၏ ဝံသာနုရဲတပ်ကြီးမှာ များစွာ အရေးပါအရာရောက်လာလိမ့်မည် ဟု ယုံကြည်စွဲမှတ်လျက်ရှိ၏။ ဆာရိဂျာကိတ်စမင့်သည် ဂျာမနီနိုင်ငံရှိ ဘော်လင်ဆိုသူ ပုဂ္ဂိုလ်ကြီးကို အကြောင်းပြု၍ ဂျာမနီနိုင်ငံခြားရုံးတော်နှင့် ဆက်သွယ်မိလိမ့်မည်ဟု မျှော်လင့်သည့်အပြင် အိုင်ယာလန်ပြည်ကို အင်္ဂလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံ နှစ်နိုင်ငံကြား၊ ကြားပြည်အဖြစ် သဘောထားစေရန် ဂျာမနီနိုင်ငံ အစိုးရတို့ထံ ပြောကြားနိုင်လိမ့်မည်ဟု ယုံကြည်စိတ်ချလျက် ရှိလေ၏။

ဤကဲ့သို့ ယုံကြည်မျှော်လင့်သည့်အတိုင်း ဂျာမနီနိုင်ငံ သင်္ဘောကုမ္ပဏီပိုင် သင်္ဘောတို့က အိုင်ယာလန်ပြည် ကော့မြို့သို့ ဝင်ထွက်သွားလာမည်ဆိုလျှင် အိုင်ယာလန်ပြည်နှင့် ဥရောပတိုက် တိုင်းနိုင်ငံတို့၏ ကူးသန်းရောင်းဝယ်ရေးမှာ ပြန်လည်ထွန်းကားလာလိမ့်မည်ဟု သိမြင်

mgyoe.com

mgyoe.com


လေ၏။ ၁၉၁၄ ခုနှစ်၊ ဇန်နဝါရီလသို့ ရောက်သောအခါ ဂျာမနီနိုင်ငံ ဟန်ဘတ်မြို့မှ ထွက်ခွာလာသော သင်္ဘောသည် အိုင်ယာလန်ပြည် ကွင်းစတောင်းမြို့သို့ လက်ဦးအစ ဝင်ရောက်လာလေ၏။ သို့ရာတွင် ထိုဂျာမန်သင်္ဘောကုမ္ပဏီပိုင် သူဌေးတို့က ကြိုတင်ပြောကြားချက်အရ အိုင်ယာလန်ဝံသာနုတို့မှာ ထိုဂျာမန်သင်္ဘောအား ကြိုဆိုဧည့်ခံရန် အတွက် စီစဉ်ချက်ကို ပယ်ဖျက်လိုက်ရလေသည်။ ဂျာမန်သင်္ဘော ကုမ္ပဏီပိုင် သူဌေးတို့၏သဘောမှာ ၎င်းတို့၏ သင်္ဘောကို အိုင်ယာလန် ပြည်က ကြိုဆိုဧည့်ခံခြင်းပြုမည်ဆိုလျက် ဗြိတိသျှအစိုးရတို့က အထင် အမြင် လွဲမည်ကို စိုးရိမ်ခြင်း ဖြစ်လေသည်။

ဆိုခဲ့သည့်အတိုင်း ဂျာမန်သင်္ဘောတစ်စင်းသည် အိုင်ယာလန် ပြည်သို့ ရှေးဦးစွာ ဝင်ရောက်ပြီးသည့်နောက် အင်္ဂလန်နိုင်ငံခြားရုံးတော် ၏ ကန့်ကွက်ချက်ဖြင့် နောက်ထပ် ဝင်ရောက်သွားလာခြင်းမပြုဘဲ ရပ်စဲ သွားလေ၏။

ယခုအခါ ဆာရိုဂျာကိတ်စမင့်မှာ ကြံရာမရသလောက် ဖြစ်လာ သည့်အတိုင်း အိုင်ယာလန်ပြည်၏ လွတ်လပ်ရေးအတွက် အမေရိကန် နှင့် ဂျာမနီနှစ်နိုင်ငံအစိုးရတို့အပေါ်၌သာလျှင် အားကိုးရာမြင်တော့သဖြင့် မိမိကိုယ်တိုင် ထိုနိုင်ငံအစိုးရတို့ထံ သွားရောက်တွေ့ဆုံမည်ဟု စိတ်ကူး မိလေ၏။

သို့ရာတွင် မိမိအပေါ်မှာ ဗြိတိသျှအစိုးရတို့က သင်္ကာမကင်းစရာ ဖြစ်လာမည်ကို တွေးတောမိပြန်သည့်အတိုင်း၊ အတွင်းစာတစ်စောင်ကို အသေအချာ စီကုံးရေးသားပြီးလျှင် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တော် ရှိ ဂျာမန်သံအမတ်ကြီး၏ လက်ထဲသို့ရောက်အောင် ပေးပို့ရန်၊ ဘူးလ မားဟော့(ပ်)ဆင် ဆိုသူအား တိတ်တဆိတ် စေလွှတ်လိုက်လေ၏။ အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိကြသော အိုင်ရစ်လူမျိုးတို့သည်

mgyoe.com

mgyoe.com


လည်း အိုင်ယာလန်ပြည် လွတ်လပ်ရေးအတွက် ထိထိရောက်ရောက် စီမံဆောင်ရွက်လျက်ရှိကြသည့်အပြင် အိုင်ယာလန်ပြည် ဝံသာနုရဲတပ်ကြီးအတွက် ရန်ပုံငွေတွင်လည်း အမြောက်အမြားထည့်ဝင်ခြင်း ပြုကြလေ၏။ ထိုအတောအတွင်းတွင် ပက်ထရစ်ပီးယားဆိုသူ တစ်ဦးသည် အိုင်ယာလန်ပြည် သမ္မတဂိုဏ်းဝင်တို့၏ ကိုယ်စားလှယ်အဖြစ် ရောက်ရှိလာပြန်လေရာ ၎င်း၏တိုက်တွန်းနှိုးဆော်ချက်ဖြင့် အိုင်ယာလန်ပြည် သမ္မတနိုင်ငံတည်ထောင်ရေး ရန်ပုံငွေတွင် အမြောက်အမြား ထည့်ဝင်လှူဒါန်းကြပြန်လေသည်။

ပက်ထရစ်ပီးယားဆိုသူသည် အမေရိကန်နိုင်ငံ၌ အကူအညီ များစွာ ရရှိသည်ကို စိတ်အားတက်ကြွခြင်းဖြစ်ပြီးသော် အိုင်ယာလန်ပြည်သို့ ပြန်လာခဲ့၍ သမ္မတဂိုဏ်းတိုးတက်ကြီးမားရာ ကြီးမားကြောင်းကို အပြင်းအထန် ဆောင်ရွက်ခြင်းပြုလေ၏။ ပက်ထရစ်ပီးယားဆိုသူသည် အသံသြဇာနှင့်တကွ အပြောအဟောကောင်းသည့်အတိုင်း အစည်းအဝေးများတွင် တက်ရောက်ပြောဆိုလိုက်သောအခါ များစွာ ပွဲကျလေသည်။ ၎င်းသည် အိုင်ယာလန်ပြည် ဆင်ဖိန်းအသင်းဝင်တစ်ယောက်ဖြစ်၍ ဝံသာနုရဲတပ်ကြီးအတွက်လည်း ရဲတပ်သား အမြောက်အမြားတို့ကို စုဆောင်းခြင်းပြု၏။ ယခုအခါ အိုင်ယာလန်ပြည်ရဲတပ်ကြီးမှာ အလွန်ကြီးကျယ်စည်ကားလျက်ရှိသည့်အပြင် စစ်ရေးစစ်ရာတို့တွင်လည်း လေ့ကျင့်သင်ကြားပြီးဖြစ်ရကား အသုံးပြုရန် သေနတ် ခဲယမ်း မီးကျောက် စသည်တို့သာလျှင် အပြည့်အစုံ အလုံအလောက်ရရှိဖို့ လိုနေတော့၏။

၁၉၁၄ ခုနှစ်၊ မတ်လထဲတွင် အင်္ဂလန်နိုင်ငံ စစ်ရုံးကြီးက အိုင်ယာလန်ပြည်ရှိ လက်နက်တိုက် ခဲယမ်းတိုက်တို့ကို တိုက်ခိုက်လိမ့်မည့်အကြောင်းနှင့် အစီရင်ခံစာများစွာ ရရှိလာသောအခါ အိုင်ယာလန်ပြည်ရှိ ဂျင်နရယ်ပေဂျက်ဆိုသူ စစ်ဗိုလ်ချုပ်ကြီးအား လက်နက်တိုက်ခဲယမ်းတိုက်

mgyoe.com

mgyoe.com


များကို အထူးသဖြင့် ကာကွယ်စောင့်ရှောက်စေလိုကြောင်းနှင့် အမိန့် ထုတ်ဆင့်ထားလေ၏။ ထိုသို့ အင်္ဂလန် နိုင်ငံစစ်ရုံးကြီးမှ ထုတ်ဆင့်လိုက်သော အမိန့်စာကို ဂျင်နရယ်ပေဂျက်ဆိုသူ စစ်ဗိုလ်ကြီးက ရရှိသော်လည်း အိုင်ယာလန်ပြည်၌ ဖြစ်ရှိနေသောအခြေအနေကို ထောက်သဖြင့် စစ်သားတို့အား တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းသွားလာစေရန် မသင့်လျော်ဟု သဘောရနေလေ၏။ သို့ရာတွင် အရေးအကြောင်းပေါ်ပေါက်က ရုတ်တရက် နှိပ်ကွပ်နိုင်ရန် အရန်သင့်စီမံထားသည့်အတိုင်း ဤအကြောင်းကြောင်းတို့ကို အင်္ဂလန်နိုင်ငံရုံးကြီးသို့ ပြန်ကြား အစီရင်ခံထားလေသည်။

အိုင်ယာလန်ပြည်မြောက်ပိုင်း အား(လ်)စတားနယ်တွင်လည်း ခေါင်းဆောင်ပြုလုပ်သူတို့က မိမိတို့၏ ကန့်ကွက်ပြောဆိုလျက်နှင့်ပင် အင်္ဂလန်နိုင်ငံ ပါလီမန်လွှတ်တော်သည် အိုင်ယာလန်ပြည်အတွက် ဟုမ္မရူးအုပ်ချုပ်ရေးဥပဒေကြမ်းကို စီမံပြဋ္ဌာန်းရပါမည်လောဟု ဒေါသအမျက်ထွက်ကြပြီးလျှင် ထို အား(လ်)စတားနယ်ရှိ အစိုးရစစ်သားတို့အား မိမိတို့ဘက်ပါအောင် သွေးဆောင်လျက်ရှိကြလေ၏။ ဆာဒွေက်ကာစင် ဆိုသူ ခေါင်းဆောင်ကြီးကမူကား မိမိတို့၏ အား(လ်)စတားနယ်ရဲတပ်ကို အစိုးရတို့က နောက်ထပ် ဝင်ရောက်နှောင့်ယှက်မည်ဆိုလျှင် အစိုးရစစ်တပ်များကို ဖရိုဖရဲ တကွဲတပြားဖြစ်အောင် ပြုလုပ်လိုက်မည်ဟု အတိအလင်းကြိမ်းဝါးခြင်း ပြုလုပ်လေ၏။ နောက် နှစ်လခန့်ကြာသော အခါ ဘဲလ်ဖက်မြို့၌ တစ်ဖန် ဆာဒွေက်ကာစင် ဆိုသူကပင် အား(လ်)စတားနယ်ရှိ အစိုးရစစ်တပ်များ တော်လှန်ပုန်ကန်လာကြမည့်အကြောင်းတို့ကို ထုတ်ဖော်ပြောဆိုပြန်လေသည်။

အိုင်ယာလန်ပြည်စစ်ဗိုလ်ချုပ်ကြီး ဂျင်နရယ်ပေဂျက်မှာလည်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်သို့ ကိုယ်တိုင်သွားရောက်ပြီးသည့်နောက် ပြန်လည်ဆိုက်ရောက်လာသောအခါ ကာရပ်မြို့၌ စစ်ဗိုလ်များ အစည်း

mgyoe.com

mgyoe.com


အဝေးတစ်ခုကို အဆောတလျင် ပြုလုပ်ပြီးလျှင် အား(လ်)စတားနယ်၌ ဖြစ်ပေါ်လာသော အခြေအနေကို ထောက်သဖြင့် ထိုအား(လ်)စတားနယ်ရှိ စစ်ဗိုလ်အရာရှိတို့မှာ မသိမသာ ရုပ်ဖျောက်၍ ထွက်ခွာသွားကြရမည့် အကြောင်းနှင့် ပြောဆိုလေ၏။ ၎င်းပြင် နောက်ထပ် အစည်းအဝေးတစ်ခုကိုလည်း ခေါ်ယူကျင်းပဦးမည်ဟု ပြောဆိုလေ၏။ ထို့နောက် မကြာမီအတွင်း အား(လ်) စတားနယ်ရှိ စစ်ဗိုလ်နှစ်ဦးသုံးဦးမှတစ်ပါး အခြားအားလုံးကုန်သော စစ်ဗိုလ်တို့သည် ရာထူးမှ နုတ်ထွက်လျက်ရှိကြောင်းနှင့် ဂျင်နရယ်ပေဂျက်ဆိုသူ စစ်ဗိုလ်ချုပ်ကြီးထံမှ ရိုက်ကြားလိုက်သော ကြေးနန်းတစ်စောင်ကို အင်္ဂလန်နိုင်ငံစစ်ရုံးကြီးက ရရှိလာလေ၏။ နောက်ထပ်ရရှိသော ကြေးနန်းတစ်စောင်တွင်လည်း ဘရီဂိတ်စစ်ဗိုလ်ကြီးနှင့်တကွ မြင်းတပ်မှစစ်ဗိုလ် အရာရှိပေါင်း ၅၇ ယောက်တို့သည် အိုင်ယာလန်ပြည် မြောက်ပိုင်းနယ်သို့သွားမည့်အစား ရာထူးမှထုတ်နုတ်ခြင်းကို ခံယူကြမည့်အကြောင်းနှင့် ဖော်ပြပါရှိ၏။ ဤသို့ စသည်ဖြင့် အခြေအနေမှာ ဆိုးရွားမည့်ယောင် ဖြစ်ပေါ်လာလေ၏။

ဥရောပတိုက် တိုင်းနိုင်ငံများရှိ အစိုးရတို့သည် ဥရောပတိုက်၌ စစ်မက်ဖြစ်ပွားလာမည့်အရေးကို မျှော်တွေးလျက် ထထကြွကြွ စီမံဆောင်ရွက်လျက်ရှိကြစဉ် အင်္ဂလိပ်စစ်တပ်ကြီးမှာ အိုင်ယာလန်ပြည်နိုင်ငံရေးနှင့်ပတ်သက်၍ အခက်အခဲတွေ့၍ နေလေ၏။ သို့ဖြစ်သော်ငြားလည်း ဗြိတိသျှအစိုးရတို့သည် ဣန္ဒြေကိုမပျက်စေဘဲ စစ်ဘက်ဆိုင်ရာအတွင်းဝန်ကြီး ကာနယ်ဆီလီက အိုင်ယာလန်ပြည်ရှိ စစ်ဗိုလ်ချုပ်တို့အားအလုပ်ဝတ္တရားကို လွှဲအပ်ခဲ့ပြီးလျှင် လန်ဒန်မြို့တော်သို့ အဆောတလျင် လာရောက်စေရမည်ဟု ဆင့်ဆိုလိုက်သော ကြေးနန်းတစ်စောင်သည် ဒဗ္ဗလင်မြို့တော်သို့ ရောက်လာလေ၏။

ထိုသို့ရိုက်ကြားလိုက်သော ကြေးနန်းစာကို ရရှိသောအခါ

mgyoe.com